# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၁)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## အားအလွန်ကောင်းသောအယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုနှင့် မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း စသည့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၁**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ သုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ မိုး/ဇလ

**ယနေ့ ဖတ်စရာ**

**တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့်နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ**

ဆောင်းပါး စာ ၈



## နောင်ချိုမြို့နယ်ရှိ နှစ်ပေါင်း(၁၂၆) နှစ် သက်တမ်းရှိ ဂုတ်ထိပ်တံတားအား ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ပည်းမော်ကွန်း ကြေးပြားတပ်ဆင်

**မန္တလေး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်၌ ရှေးဟောင်းအဆောက်အအုံ (၆၅) ခုကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်တံတားလည်း တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်ပေါင်း(၁၂၆) နှစ် သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ပည်းမော်ကွန်း ကြေးပြားတပ်ဆင်ခဲ့ကြောင်း သိရသည်။

ဂုတ်ထိပ်တံတား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတား၌ကျင်းပခဲ့ပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တံတားကြီးသည် အမြင့် ၄၅ ပေမှ ပေ ၃၂၀ ကြားအထိ

*စာမျက်နှာ ၆ ကော်လံ ၄* ⁜

## စက်သုံးဆီအရောင်းဆိုင်များတွင် Barcode/QR Code များကို Scan ဖတ်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်ထားရှိ



**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေးဆပ်ကော်မတီများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသအလိုက် စက်သုံးဆီအရောင်းဆိုင်များတွင် Barcode / QR Code များကို Scan ဖတ်၍ သတ်မှတ်ချက်များနှင့်အညီ

*စာမျက်နှာ ၆ ကော်လံ ၁* ❐

# လမ်းပေါ်အန္တရာယ်များ ကင်းရှင်းစေရေး လမ်းအသုံးပြုသူတိုင်း စည်းကမ်းလိုက်နာ

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) သည် ကမ္ဘာလုံးဆိုင်ရာ အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခု ဖြစ်သည့်အပြင် ကြီးထွားလာနေသည်ဟုလည်းဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်အရ ကမ္ဘာတစ်ဝန်း လမ်းပေါ်မတော်တဆဖြစ်ရပ်များကြောင့် နှစ်စဉ် ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေရပြီး လူဦးရေ သန်း ၅၀ ကျော် ထိခိုက် ဒဏ်ရာရရှိနေသည်ဟု သိရသည်။

လူများသေဆုံးရသည့် အဓိကအကြောင်းရင်း (Cause of death) များထဲတွင် လမ်းပေါ်မတော်တဆမှုကြောင့် သေဆုံးရခြင်းသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပထမဆယ်စုနှစ်ကာလဖြစ်သည့် ၂၀၁၀ ပြည့်လွန်နှစ်များကာလတွင် အဆင့်(၈) နေရာတွင်ရှိခဲ့ရာမှ ဒုတိယဆယ်စုနှစ်ကာလဖြစ်သည့် ၂၀၂၀ ပြည့်လွန်နှစ်များတွင် အဆင့်(၃) နေရာသို့ ရောက်ရှိလာနိုင်သည်ဟု ဆိုသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးမှုများသည် မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍ နှစ်စဉ် ဆက်တိုက်ကျဆင်းလာခဲ့ရာ လူဦးရေတစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကြိမ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့သည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်သုံးနှစ်အတွင်း ယာဉ်တိုက်မှုအရေအတွက်နှင့် သေဆုံးမှုအရေအတွက်တို့ကို ကြည့်လျှင် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတစ်ဝန်းယာဉ်တိုက်မှု ၄၇၇၂ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၄၂၂ ဦး၊ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ယာဉ်တိုက်မှု ၃၈၇၅ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၀၁၁ ဦး၊ ၂၀၂၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ယာဉ်တိုက်မှု ၃၃၄၈ မှု၊ သေဆုံးသူ ၁၇၃၅ ဦး ရှိခဲ့ရာ နှစ်အလိုက် တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပထမဆယ်စုနှစ်ဖြစ်သော (၂၀၁၁– ၂၀၂၀) ကို အကောင်အထည်ဖော်ရာတွင် ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံများမှာ တစ်ကမ္ဘာလုံးတွင် ၁၀ နိုင်ငံသာရှိခဲ့ပြီး မြန်မာအပါအဝင် ကျန်နိုင်ငံအားလုံး ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဟု သိရသည်။ လမ်းပေါ်မတော်တဆမှု (Road Accident ) များကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးဖြစ်နေပြီး ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရမှုများတွင် အာဖရိကနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများက ထိပ်ဆုံးတွင် ရှိနေသည်။

ကမ္ဘာတစ်ဝန်း ယာဉ်စီးရေ တိုးတက်များပြားလာခြင်းနှင့် ယာဉ်သုံးစွဲမှု များပြားလာခြင်းတို့ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မှာလည်း ကြီးထွားလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံးတွင် ဆယ်စုနှစ်အလိုက် စီမံချက်များချမှတ်၍ ဟန့်တားထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဒုတိယ ဆယ်စုနှစ် (၂၀၂၁–၂၀၃၀) ကို အကောင်အထည်ဖော်လျက်ရှိသည်။ ဒုတိယဆယ်စုနှစ် စီမံချက်၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှု၏ အခြေခံနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် သေဆုံးမှု၏ ထက်ဝက်သို့ လျှော့ချနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါယာဉ်မတော်တဆဖြစ်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားရန်နှင့် လုံးဝပပျောက်သွားစေရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council – NRSC) က National Road Safety Action Plan (2021–2030) နှင့်အညီ နိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းများကို ကဏ္ဍကြီး (၈) ရပ်၊ လုပ်ငန်းစဉ် ၁၀၈ ခုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းသူများ သိရှိလိုက်နာကြရမည့် (၁) မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်ရေး၊ (၂) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရေး၊ (၃) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စေရေး၊ (၅) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ပို၍ မောင်းနှင်မှုမရှိစေရေးတို့ကို ယာဉ်မောင်းသူတိုင်း အလေးဂရုပြု၍ လိုက်နာဆောင်ရွက်ကြရန်လိုသည်။

တစ်ဖက်တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများကို စနစ်တကျ စောင့်ကြည့်အရေးယူခြင်း၊ ပြည်သူများကို အသိပညာပေးခြင်း၊ အရေးပေါ်ဆောင်ရွက်ရမည့်အချက်များ၊ ရှေးဦးပြုစုခြင်းများကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အရှိန်အဟုန်မြှင့်တင်ကြရပါမည့်အကြောင်း။ ။

# ရွှေသွေးဂျာနယ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၂–၈– ၂၀၂၆ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၈)၊ အမှတ် (၃၄) တွင်** သူတစ်ပါးကို ကူညီတတ်သူနှင့် မကူညီတတ်သူတို့၏ ရလဒ် မတူညီပုံကို သရက်ပင်၊ ညောင်ပင်နှင့် ပျားဘုရင်မတို့ကို ဇာတ်ကောင်ထား၍ သရုပ်ဖော်ထားသည့် "စိတ်ထားကောင်းသော သရက်ပင်" မျက်နှာဖုံးကာတွန်း၊ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလာသော အသံဖမ်းစက်များအကြောင်း ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည့် သုတဆောင်းပါးကဏ္ဍ၊ ဉာဏ်ပညာရှိမှုကို စမ်းသပ်လိုသော ဘုရင်ကြီးနှင့် ဉာဏ်ပညာရှိစွာ တုံ့ပြန်လိုက်သော ပညာရှိအမတ်ကြီးတို့အကြောင်း သရုပ်ဖော်ထားသည့် "ပညာရှိအမတ်" နှစ်မျက်နှာကာတွန်း၊ အမှိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်လေးများ ဒုက္ခရောက်ကြရပုံကို ရေးသားထားသည့် "ငါးကလေးတွေ ငိုရတဲ့အကြောင်း" ပုံပြင်ကဏ္ဍ၊ ကျောင်းမုန့်ဖိုးအတွက် တစ်ထောင်တန် ယူရမည်ကို ငါးထောင်တန်ဖြင့် မှားပြီး ယူသွားမိသည်ဆိုသော ဟန်သီမအကြောင်း သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာကာတွန်း၊ ကျောင်းမုန့်မှန်တက်ကာ ပညာထူးချွန်အောင်ကြိုးစားကြရမည်ဖြစ်ကြောင်း ရေးစပ်ထားသည့် ဆရာ မင်းနီခိုင် (မောင်တော)၏ "ဘဝဂုဏ်ရည်" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။




ရွှေသွေး ဂျာနယ်အတွဲ (၅၈) အမှတ် (၃၄) ကို တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

## (၂၁-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၆,၈၃၇,၉၅၅.၀၇ | ၈၇,၅၉၁,၆၃၈.၁၄ | ၃၃,၅၇၈,၉၄၀.၀၀ | – |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

**၂၁ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ – ၈ – ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၈၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** – ဟန်လင်းအောင်
**စာတည်းမှူး** – ခင်ရတနာ
**စာတည်းများ** – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** – ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** – ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၀၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm
E-paper

❖ ရှေ့ဖုံးမှ


ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ် အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့် နေရာသို့ရောက်ရှိရာ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ် သမ္မတ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။


ယင်းနောက် နိုင်ငံတော် သမ္မတနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော် သမ္မတတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံ သမ္မတက လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယမန်နေ့က တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ကျယ်ဝန်းသကဲ့သို့ လူဦးရေများပြားပြီး သယံဇာတများ ပေါကြွယ်ဝသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၅ သန်းခန့် ရှိသည် ဟုသိရှိရပြီး မိမိတို့နိုင်ငံ လူဦးရေ၏ ငါးဆခန့်ရှိပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

မိမိတို့ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ မြန်မာနိုင်ငံကို ရောက်ရှိလေ့လာခဲ့ပြီး ရင်းနှီး မြန်မာနိုင်ငံနှင့် ပတ်သက်၍ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုသည့်စိတ်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ပြီးခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မိမိအနေနှင့် အသိအမှတ်ပြုပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေ ဆွေးနွေးချက်များကို မိမိတို့အနေဖြင့် မလွဲမသွေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်သမ္မတကြီး အနေဖြင့် ယခုကဲ့သို့ မိမိကို နွေးထွေးစွာဖြင့်ကြိုဆိုပြီး လက်ခံ လေးစားရပါသော အဆွေတော် သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယမန်နေ့ကလည်း မိမိနှင့် အဆွေတော်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာဖြင့် လေးလေးနက်နက် ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း တရားဝင်ထပ်မံတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းရပ်များကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိမြေပြင်တွင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ကျွမ်းဝင်မှုလည်း ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် အတွေ့အကြုံများကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည်ဖြစ်ပါကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများ အနေဖြင့်လည်း အနေတည်ငြိမ်ရေး အဆွေတော်ဦးဆောင်သည့်အဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ထောက်ခံရွေးချယ်ခဲ့သည့်အစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆွေတော်သမ္မတကြီးအနေဖြင့် ပြည်သူများ လိုအပ်သည်များကို ဆောင်ရွက်ပေးသည့်အခါ၌ လိုအပ်ချက်များရှိပါက မိမိတို့ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကူညီပေးရန်အသင့်ရှိပါကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် အချိန်၌ တွေ့ဆုံသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလာရောက်သည့်အချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများပါရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်

စာမျက်နှာ ၄ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဩဂုတ် ၂၀ ရက် ညနေပိုင်းက အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။




မြန်မာ–ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# မြန်မာ–ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆–၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသ နည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာများ လဲလှယ်**

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများလဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေး သဘောတူညီချက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံ စောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ် တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့် မှတ်တမ်းလွှာ၊ မြန်မာအာကာသ အေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC "Development Bank of the Republic of Belarus" တို့အကြား ချေးငွေဆိုင်ရာမူဘောင်သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စသည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ၉ ခုတို့ကို ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြပြီး အဆိုပါပြောကြားချက်များကို သီးခြားဖော်ပြသွားမည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားများအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက မော်တော်ယာဉ်အနီးသို့ ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




---

*စာမျက်နှာ ၃ မှ*

သမ္မတကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားထားဖူးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး အသိအမှတ်ပြုချီးကျူး ပြောကြားပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့်ရော၊ မိမိ၏ ပုဂ္ဂိုလ်ရေးအရရော မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည် ဖြစ်သကဲ့သို့ အဆွေတော်တို့နိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ်သို့ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှု၊ နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အာကာသ နည်းပညာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့သည် ဩဂုတ် ၂၀ ရက် ညနေပိုင်းကလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်၊ မင့်စ်မြို့)

လေးစားအပ်ပါသော အဆွေတော် သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့တကွ အခမ်းအနားကို တက်ရောက်လာကြသူများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ချင်ပါတယ်။ ကျွန်တော်တို့ ဒီနေ့တွေ့ဆုံမှုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့အတူ ဆွေးနွေးမှုများကို အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

အဓိက ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေကတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ စီးပွားရေးဆိုင်ရာ ကဏ္ဍများ၊ စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများ၊ အခြားသော ကဏ္ဍပေါင်းစုံ အခန်းကဏ္ဍများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့အတွက်လည်း ဘယ်လာရုစ်ဘက်က အဆင်သင့်ရှိကြောင်းလည်း ပြောလိုပါတယ်။ လက်ရှိတိုးတက်နေတဲ့ခေတ်ကြီးမှာ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို အထောက်အကူပြုသွားမယ်လို့လည်း ပြောလိုပါတယ်။ လက်ရှိ ၂၁ ရာစုမှာ နိုင်ငံရေးသဘောတရားတွေ အများကြီး ပြောင်းလဲနေပေမယ့်လည်း ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိတဲ့ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ နှစ်စဉ်နှစ်တိုင်း ဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။ အပြန်အလှန်ခရီးစဉ်တွေလည်း သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ အခုနှစ်အတွက် ဆွေးနွေးမှုထဲမှာ အရေးအကြီးဆုံးအချက်ကတော့ နှစ်နိုင်ငံကြားမှာ သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ဖို့အတွက် နှစ်နိုင်ငံကြားမှာ သံရုံးများကို အပြန်အလှန် ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်တဲ့အချိန်မှာ ၂၀၂၆-၂၀၂၈ Roadmap ကို အခြေခံပြီးတော့ ပူးပေါင်းဆောင်ရွက်သွားတာ ဖြစ်ပါတယ်။ ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့အတွက် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးတွဲကော်မရှင်များနဲ့ အခြားပူးတွဲကော်မရှင်များကနေ အခြေခံပြီးတော့ အဓိကဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို တက်တက်ကြွကြွ ဆောင်ရွက်မှသာ မိမိတို့အနေနဲ့ ရှေ့ဆက်သွားမယ့် ဆက်ဆံရေးမှာလည်း အားလုံးအဆင်ပြေမယ်လို့လည်း ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ လက်ရှိအခြေအနေမှာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနဲ့ သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ခုနကပြောသွားတဲ့ ဒီအချက်အလက်တွေ အားလုံးကို ပိုမိုပြီးတော့ မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနိုင်ငံက ကျောင်းသားတွေကို ဘယ်လာရုစ်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေမှာ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံကြားမှာ နှစ်နိုင်ငံ ပါလီမန်အချင်းချင်း ဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကိုလည်း ဆက်လက်တိုးမြှင့်သွားမယ်လို့ ပြောလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ အခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ နှစ်နိုင်ငံ အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပြီးတဲ့ နောက်ပိုင်းမှာ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတွေတင်မကဘဲ တခြားသောကဏ္ဍများ တိုးတက်ဖွံ့ဖြိုးဖို့ ရည်ရွယ်ပြီးတော့ ဒီကိစ္စကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုတွေ ပိုမိုများပြားလာမယ်၊ ဆက်သွယ်မှုများပြားလာတဲ့ နောက်ပိုင်းမှာ ဆက်ဆံရေးတွေကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေ့ သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကျေးဇူးတင်ရှိကြောင်းလည်း ပြောလိုပါတယ်။ အဓိကကတော့ သူ့အနေနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်ဆံရေးတွေကို တည်ဆောက်တဲ့အခါမှာ ပုဂ္ဂိုလ်ရေးအရ အားတက်သရော ဆောင်ရွက်ခဲ့သလို မပြောင်းလဲတဲ့ သဘောတရားနဲ့ အခုချိန်ထိ ကျွန်တော်တို့အပေါ်မှာ ဆက်ဆံပေးနေတဲ့ အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။



အဆွေတော် သမ္မတကြီးခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ဒီနေ့ထပ်ပြီးတော့ သတင်းစာရှင်းလင်းပွဲမှာ အာမခံနိုင်တာကတော့ အဆွေတော် သမ္မတကြီးနဲ့ ကျွန်တော်နဲ့ ဒီနေ့ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေ၊ အခုလာရောက်တဲ့ခရီးစဉ်မှာ ဆွေးနွေးခဲ့တဲ့ သဘောတူညီချက်တွေ အားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်ဘက်ကနေပြီးတော့ ဗျူရိုကရက်တစ်ယန္တရားကို ကျော်လွှန်ပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မယ်လို့ အာမခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော်သမ္မတကြီးအနေနဲ့ ပြောကြားပေးပါခင်ဗျာ။

**အဆွေတော်ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါခင်ဗျာ**

ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်သမ္မတကြီးရဲ့ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ ပထဝီအနေအထားအရ အလှမ်းကွာဝေးပေမယ့် သံတမန်ဆက်သွယ်ထားတဲ့ ဆယ်စုနှစ်(၃) ခုနီးပါးကာလမှာ အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့အပေါ် အခြေခံထားတဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒီလိုကောင်းမွန်တဲ့ ဆက်ဆံရေးဟာ မကြာသေးမီနှစ်များမှာ အရှိန်အဟုန်နဲ့ ပိုမိုတိုးတက်လာခဲ့ပါတယ်။ နှစ်နိုင်ငံအကြီးအကဲတွေအကြား အပြန်အလှန် ခရီးစဉ်တွေရှိခဲ့ပြီး ခေါင်းဆောင်ပိုင်းသာမက အဆင့်အသီးသီးနဲ့ နယ်ပယ်အသီးသီးမှာပါ နီးကပ်တဲ့ဆက်ဆံမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုနက်ရှိုင်းလာခဲ့တာကို တွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ဟာ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းမှာ အလွန်ထူးခြားလေးနက်တဲ့ နှစ်တစ်နှစ်လို့ ပြောချင်ပါတယ်။

၂၀၂၅ ခုနှစ် မတ်လမှာ ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး နိုဝင်ဘာလမှာ အဆွေတော်သမ္မတကြီးကလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်လည်ပတ်ခဲ့ပါတယ်။

ခရီးစဉ်များအတွင်းမှာ နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ယခုခရီးစဉ်မှာလည်း နှစ်နိုင်ငံအကြား သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာ ၉ ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

သမ္မတကြီးနဲ့ ယနေ့တွေ့ဆုံမှုမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်များကို အရှိန်အဟုန်နဲ့ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားပါမယ်။

ဒ့ါအပြင် မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးက အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ပိုမိုချဲ့ထွင်နိုင်မယ့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရအကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

အလားတူ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသ အပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမယ့် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ဇူလိုင်လအတွင်းက အသက်ဝင်ခဲ့ပြီဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများနဲ့ နှစ်နိုင်ငံ ပြည်သူတွေအကြား ကူးလူးဆက်ဆံမှုမြှင့်တင်နိုင်မယ့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ သမ္မတနှစ်ဦးဟာ ဒေသတွင်းနဲ့ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ်လည်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအမှီသဟဲပြု ဆက်လက်ရပ်တည်သွားရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ယခု ခရီးစဉ်အတွင်းမှာ ထူးခြားချက်တစ်ရပ်ကတော့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဒီနေ့မှာ ဖွင့်လှစ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မကြာခင်မှာ ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ချိတ်ဆက်ထားတဲ့ ကုန်းမြေနယ်မြေ ပေါင်းကူးတံတားတစ်ခုသဖွယ် ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုတို့ကို ဆက်စပ်ပေးထားတဲ့အတွက် ပင်လယ်ရေကြောင်း ပို့ဆောင်ရေးမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားနဲ့ ၁၂ လရာသီပတ်လုံး စိုက်ပျိုးမွေးမြူရေးလုပ်လို့ရတဲ့ ကောင်းမွန်တဲ့ ရာသီဥတုရှိပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစတဲ့ကဏ္ဍတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေအနက် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့က သီလဝါအထူးစီးပွားရေးဇုန်မှာ ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။

သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ -ကျွန်တော်တို့အနေနဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းဖြစ်တဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို အနာဂတ်ကာလမှာ ဆက်လက်ထိန်းသိမ်းတိုးမြှင့်နိုင်ဖို့ သမ္မတကြီး လူကာရှန်ကို၊ ဘယ်လာရုစ်အစိုးရ၊ ပြည်သူတွေနဲ့ အတူတကွ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့အား ပူးတွဲတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ တို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## ရင်းရင်းနှီးနှီးဆွေးနွေး

ယင်းနောက် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံတစ်ခုဖြစ်မှုနှင့် နိုင်ငံ့ခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာ ကောင်းမွန်လျက်ရှိမှု၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် နှစ်နိုင်ငံနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် ကူညီထောက်ခံဆောင်ရွက် ပေးလျက်ရှိမှု၊ ဘယ်လာရုစ်နိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပစဉ်က မြန်မာနိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပချိန်ကလည်း ဘယ်လာရုစ်နိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှု၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် အကြား ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ ပူးတွဲတွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဘယ်လာရုစ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❐ *ရှေ့ဖုံးမှ*

စနစ်တကျရောင်းချနိုင်ရေး၊ ဆီတင်ယာဉ်များအားလုံးတွင် GPS တပ်ဆင်၍ GPS Platform တွင် Active ဖြစ်စေရေးနှင့် စက်သုံးဆီသယ်ယူမှု လမ်းကြောင်းများ မှန်ကန်မှု ရှိ၊ မရှိနှင့် သတ်မှတ်နေရာများသို့ ရောက်ရှိမှု ရှိ၊ မရှိ GPS Tracking များအား စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်မှု မရှိစေရေး ဖြည့်တင်းစီမံဆောင်ရွက်ပေးခြင်း၊ ဖြည့်တင်းပေးသည့် စက်သုံးဆီများကို သုံးစွဲသူများထံသို့ ရောက်ရှိစေရေးအတွက် ဖြည့်တင်းမှုကွင်းဆက်တစ်လျှောက် စစ်ဆေးကြပ်မတ်ခြင်း၊ စက်သုံးဆီများ မသက်ဆိုင်သည့် နေရာများသို့ ရောက်ရှိမှုမရှိစေရေးနှင့် စက်သုံးဆီဖြန့်ဖြူးမှုများ Real Demand၊ Real PO ဖြစ်စေရေးတို့ကို စနစ်တကျစစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်း ရှိ၊ မရှိ ယမန်နေ့မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စစ်ဆေးရေးအရာရှိချုပ်တို့သည် ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်၍ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီဝယ်ယူခွင့်(PO) အလိုက် စနစ်တကျရောင်းချမှု ရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကတုံးပေါ်ကျေးရွာရှိ စက်သုံးဆီများ သိုလှောင်ဖြန့်ဖြူးလျက်ရှိသည့် PPIP Terminal သို့ ရောက်ရှိပြီး မွန်ပြည်နယ်အတွင်း စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ စက်သုံးဆီများ မသက်ဆိုင်သည့်နေရာများသို့ ရောက်ရှိမှုမရှိစေရေးအတွက် စက်သုံးဆီများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဖြန့်ဖြူးခြင်း ဆောင်ရွက်သွားရန် ဌာနမှ တာဝန်ရှိသူများနှင့် PPIP Terminal မှ တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးတွင် စက်သုံးဆီတင်ယာဉ်များတွင် GPS တပ်ဆင်၍ စနစ်အတွင်း ဝင်ရောက်ပြီး Active ဖြစ်သည့် ဆီတင်ယာဉ်များကိုသာ PPIP Terminal အတွင်းဝင်ရောက်ခွင့်နှင့် ဆီဖြည့်တင်းခွင့်ပြုစေရေး၊ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးနှင့် ဆီတင်ယာဉ်များ သတ်မှတ်နေရာများသို့ အမှန်တကယ်ပို့ဆောင်ခြင်း ရှိ၊ မရှိ GPS လမ်းကြောင်းများအား Online Monitoring စနစ်ဖြင့် စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

⁜ *ရှေ့ဖုံးမှ*

ကွဲပြားခြားနားသော သံမဏိမြင်းခုံများဖြင့် ထောက်ထားလျက်ရှိပြီး အမြင့်ဆုံးမြင်းခုံသည် ပေပေါင်း ၁၁၀၀ နက်ရှိုင်းသည့် သဘာဝပေါင်းကူးတံတားပေါ်တွင် တည်ဆောက်ထားသဖြင့် ထူးခြားပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့မီးရထားကလည်း REB ရထားဖြင့် ပြင်ဦးလွင်- နောင်ချို - ဂုတ်ထိပ် ခရီးစဉ်ကို ပြေးဆွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂုတ်ထိပ်တံတားကို ကမ္ဘည်းမော်ကွန်းကြေးပြားသုံးခု တပ်ဆင်ခြင်း၊ ဂုတ်ထိပ်တံတားနှင့်ပတ်သက်၍ လာရောက်လေ့လာလည်ပတ်သူများ သိရှိနိုင်ရန် သတင်းအချက်အလက်ဆိုင်းဘုတ်စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါနယ်တွင် ရှမ်းဘာသာအားဖြင့် ဟိုကွတ်ဟုခေါ်သော ရွာကို မြန်မာတို့က ငုတ်ထိပ်ဟုခေါ်ဆိုရာမှ ဟိုကွတ်နှင့် ငုတ်ထိပ်ဟူသောအခေါ်မှာ ထိုနေရာဒေသတွင် မြစ်ချောင်းများ ကွယ်ပျောက်သွားသည်ကို အစွဲပြု၍ခေါ်ခြင်းဖြစ်၍ ကာလရွေ့လျားလာသောအခါ ငုတ်ထိပ်ကို ဂုတ်ထိပ်ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ခဲ့ရာမှ မန္တလေးမှ လားရှိုးသို့လည်း မီးရထားလမ်းဖောက်လုပ်ရန်လိုအပ်ကြောင်း တွေ့ရှိလာခဲ့သဖြင့် ဂုတ်ထိပ်တောင် ကြားကူးတံတား (GOHTEIK VIADUCT) ကို အမေရိကန်နိုင်ငံ ပင်ဆီလ်ဗေးနီးယားနှင့် မေရီလန်တံတားဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းဆောက်လုပ်စေခဲ့ကြောင်း၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး ၁၉၀၃ ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ မြန်မာသံရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့က မြန်မာသံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ရှိ သံတမန်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သံရုံးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် သံရုံးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်ပြီး အလေးပြုကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့က မြန်မာသံရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့ရှိ သံတမန်ဇုန်မြေနေရာ၌ မြန်မာသံရုံးဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**အမှတ်လက်ဆောင်ပေးအပ်**

ယင်းနောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက သံရုံးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအား ဂါရဝပြုပေးအပ်ပြီး သံအမတ်ကြီးက ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား သံရုံးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သံတမန်ခန်းမ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဘယ်လာရုစ်နိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ၏ ပုံတူပန်းချီကားကို လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင့်စ်မြို့ရှိ သံတမန်ဇုန်မြေနေရာ၌ မြန်မာသံရုံးဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News

---

## မြစ်ကြီးနားတက္ကသိုလ်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် သမိုင်းကြောင်း Documentary V-Clip ပြိုင်ပွဲအတွက် ဆုများပေးအပ်ချီးမြှင့်

**မြစ်ကြီးနား ဩဂုတ် ၂၂**

မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် မြစ်ကြီးနားတက္ကသိုလ်၏ သမိုင်းကြောင်း Documentary V–Clip ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားရာ၌ စာဖတ်ခြင်းသည် လူတစ်ဦး၏ အတွေးအခေါ်ကို တိုးတက်စေရုံတင်မကဘဲ ဒေသတစ်ခုလုံးအတွက် သမိုင်းသစ်ပုံဖော်ပေးနိုင်ကြောင်းနှင့် နိုင်ငံတော်၏ အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒများနှင့်အညီ ဗလငါးတန်ပြည့်ဝသော လူငယ်များပေါ်ထွက်လာရေး မြစ်ကြီးနားတက္ကသိုလ်က လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



ဆက်လက်၍ မြစ်ကြီးနားတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က ကျေးဇူးတင်စကားပြောကြားပြီး ပြိုင်ပွဲဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲယှဉ်ပြိုင်ခြင်း၊ G–12 စာမေးပွဲ အောင်မြင်ခဲ့သော ပညာရေးဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ခြင်း၊ အနိုင်ရရှိသည့် Documentary V–Clip များ ပြသခြင်း၊ အကဲဖြတ်ဒိုင်များအား အမှတ်တရ လက်ဆောင်ပေးအပ်ခြင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကောင်းကောင်း(မြိတ်)**

---

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ

**သိဃ်သူ**

*(ယမန်နေ့က အဆက်)*

ဩဂုတ် ၂၀ ရက်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်မှာ ပြီးဆုံးပြီဖြစ်သည်။ ရှေ့ဆက်ရမည့် ခရီးသည် တည်နေရာအားဖြင့် အလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ၏ခရီးစဉ်ကို ဂုဏ်ပြုသောအားဖြင့် ရေးသားလျက်ရှိသည့် ဤဆောင်းပါး၏ခေါင်းစဉ်ကိုလည်း ပြောင်းရပေတော့မည်။

ဘယ်လာရုစ်နိုင်ငံသည် အရှေ့ဥရောပဒေသတွင် တည်ရှိသည့် ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ရုရှား၊ ယူကရိန်း၊ ပိုလန်၊ လစ်သူယေးနီးယား၊ လတ်ဗီးယားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ နိုင်ငံအကျယ်အဝန်း စတုရန်းကီလိုမီတာ ၂၀၇၆၀၀ ရှိပြီး လူဦးရေခန့်မှန်းခြေ ၉ ဒသမ ၁ သန်း ရှိသည်။ ဘယ်လာရုစ်နှင့် ရုရှားဘာသာစကားတို့ကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၀ ရက်က မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

သမပိုင်းရာသီဥတုရှိပြီး ဆောင်းရာသီတွင် အလွန်အေး၍ နှင်းများ ဖုံးလွှမ်းလျက်ရှိကာ နွေရာသီတွင် မျှတသောအပူချိန်ကို ရရှိသည်။ နိုင်ငံ၏ဧရိယာအများစုကို သစ်တောများ၊ ကာကွယ်ထားသည့် အမျိုးသားဥယျာဉ်၊ ရေကန်များနှင့် ဖွဲ့စည်းထားပြီး သဘာဝရှုခင်းများ လှပသည်။ ဘယ်လိုဗိုဇ်ကာယာ သစ်တော (Belovezhskaya Forest) သည် ဥရောပကျွဲရိုင်း(Bison) များ ကျက်စားလျက်ရှိခြင်းကြောင့် နာမည်ကျော်သည်။ နိုင်ငံ၏မြို့တော်ဖြစ်သော မင့်စ် (Minsk )သည် နိုင်ငံ၏ ဗဟိုအချက်အချာ Svislach မြစ်ကမ်းနံဘေးတွင် တည်ရှိသည်။ ဘယ်လာရုစ်နိုင်ငံသည် စက်မှုနိုင်ငံဖြစ်ပြီး စက်မှု၊ ဆေးဝါးနည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကို ပိုင်ဆိုင်ထားသည်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ မြို့ပြများ သန့်ရှင်းမှု၊ လမ်းပေါ် ရာဇဝတ်မှုများ နည်းပါးမှု၊ လူနေမှုစရိတ်သက်သာမှု၊ ကျန်းမာရေးစောင့်ရှောက်မှုစရိတ် အခမဲ့/နည်းပါးမှုတို့ကြောင့် စိတ်နှလုံးမွေ့လျော်ဖွယ် ထိုနိုင်ငံမှာ ယူကရိန်းစစ်ပွဲတွင် ရုရှားနိုင်ငံဘက်မှ ရပ်တည်သည်ဟူသော အကြောင်းပြချက်ဖြင့် အနောက်ဥရောပနိုင်ငံများ အုပ်စုက အပြင်းအထန် ပိတ်ဆို့ထားမှု၊ ဘဏ်လုပ်ငန်းများကို ကန့်သတ်ထားမှုတို့နှင့် ရင်ဆိုင်နေရသည်။ ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသက်တမ်း ၂၇ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ သွားရောက်သည့် အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံသမ္မတ၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ဘယ်လာရုစ်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မင့်စ်မြို့၌ မြန်မာသံရုံး ဖွင့်လှစ်ခြင်းအခမ်းအနားနှင့်မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်တို့သို့လည်း တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ် နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ် နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich တို့က ဦးဆောင်၍ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ရင်းနှီးနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မင့်စ်မြို့သည် မြန်မာတို့နှင့် စိမ်းမနေသည့် မြို့ဖြစ်သည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ မြန်မာနိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ရှိ အရှည် ၃ ဒသမ ၈ ကီလိုမီတာရှည်လျားပြီး ဘဏ်များ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများတည်ရှိသော မြို့တွင်းလမ်းတစ်လမ်းကို ဘယ်လာရုစ်နိုင်ငံ၏မြို့တော် မင့်စ်(Minsk)ကိုအစွဲပြုကာ မင့်စ်လမ်း(Street MINSKAYA) ဟူ၍ အမည်ပေးထားခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၂၀ ရက်က ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိရာ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

- ❖ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက် တိုးမြှင့်နိုင်ရန်အတွက် မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၁၆ -၂၀၂၈)ကိုလည်း ရေးဆွဲအတည်ပြု လက်မှတ်ရေးထိုးပြီးဖြစ်
- ❖ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများသာမက မူပိုင်ခွင့်ဥပဒေ (၄) ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များပါရရှိပြီဖြစ်

*စာမျက်နှာ ၈ မှ*

ဘယ်လာရုစ်နိုင်ငံ၏ မြို့တော်ဖြစ်သော မင့်စ်သည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာဆိုင်ရာတို့၏ အချက်အချာဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် ကျူးကျော်လာသူ နာဇီဂျာမနီကို အပြင်းအထန်တွန်းလှန်ခဲ့ခြင်းကြောင့် သူရဲကောင်းမြို့ (Hero City) ဟူ၍ နာမည်ကျော်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြို့သည်လည်း ထောင်းထောင်းကြေပျက်စီးခဲ့ရပြီး ဆိုဗီယက်စတိုင် မြို့ပြစီမံကိန်းများဖြင့် မြို့တော်ကို လှပစွာပြန်လည်တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ လူဦးရေ ၂ သန်း ခန့်နေထိုင်ကြသည့် မင့်စ်မြို့သည် ပန်းခြံများ၊ ရေကန်များနှင့် စိမ်းလန်းစိုပြည်မှု၊ သန့်ရှင်းမှု၊ ဘေးကင်းလုံခြုံမှု၊ လူနေမှုစရိတ်သက်သာမှုတို့နှင့်ပတ်သက်၍ နာမည်ကောင်းရှိသည့် မြို့တော်ဖြစ်သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ President ဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ သီးခြားတွေ့ဆုံဆွေးနွေးရာတွင် ဘယ်လာရုစ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတကြီး၏ ဘယ်လာရုစ်ခရီးစဉ်ကို ဘယ်လာရုစ်နိုင်ငံက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း အစချီပြီး မိမိတို့သမ္မတကြီးနှင့် အဆွေတော်သမ္မတကြီးတို့ ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးထားဆောင်ရွက်နေသည်ကို မိမိတို့ သိရှိပါကြောင်း၊ မြန်မာ - ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆- ၂၀၂၈) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရေးအတွက်ဆွေးနွေးဆောင်ရွက်သွားပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခု ဖြစ်မည်ဟု ယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

နိုင်ငံတော်သမ္မတကပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် ဘယ်လာရုစ်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မင့်စ်မြို့ President ဟိုတယ်၌ မြန်မာ- ဘယ်လာရုစ်စီးပွားရေးဖိုရမ်ကိုကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ယင်းသို့ ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ပြင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရေး ဆောင်ရွက်နေမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်များ အပါအဝင် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် / စာချွန်လွှာများကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက် တိုးမြှင့်နိုင်ရန်အတွက် မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၁၆-၂၀၂၈)ကိုလည်း ရေးဆွဲအတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ သာမက မူပိုင်ခွင့်ဥပဒေ (၄) ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များပါရရှိပြီ ဖြစ်ကြောင်းတို့ကို ပြောကြားကာ မြန်မာနိုင်ငံ၏ ဈေးကွက်အခြေအနေနှင့် လူသားအရင်းအမြစ်၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေတို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘယ်လာရုစ်နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့်နည်းပညာစွမ်းရည်များ ကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို အတူတကွ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများစတင်နိုင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောဆိုပြီး ဘယ်လာရုစ်လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ် ၂၀ ရက်က ဘယ်လာရုစ်နိုင်ငံ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံ အတွင်းရေးမှူးချုပ်က Grodno Azot ဓာတ်မြေဩဇာစက်ရုံအမှတ်တံဆိပ် လက်ဆောင်ပေးအပ်စဉ်။

**“ ဘယ်လာရုစ်နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့် နည်းပညာစွမ်းရည်များကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို အတူတကွ ဆောင်ရွက်ရန်ဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်နိုင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည် ”**

ဘယ်လာရုစ်နိုင်ငံသည် ဓာတ်မြေဩဇာနှင့် ဓာတုဗေဒလုပ်ငန်းထွန်းကားသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့ပိုတက်ရှ် (Potash) ဓာတ်မြေဩဇာထုတ်လုပ်သည့် အဓိကနိုင်ငံတစ်ခုဖြစ်သည်။ ယင်းကဏ္ဍသည် တိုင်းပြည် GDP ၏ ၅ ရာခိုင်နှုန်းနှင့် ပို့ကုန်ဝင်ငွေ၏ ၇ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများ၊ အကြီးစား မော်တော်ယာဉ်များ၊ ရေနံချက်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတို့သည် နိုင်ငံ၏အဓိကစီးပွားရေးဖြစ်သည်။ ယခုနှစ် ပထမ(၇)လပတ်အတွင်း ဘယ်လာရုစ်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာသည်ဟု သိရသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်လေ့လာသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင့်စ်မြို့မှ Grodno မြို့သို့ သွားရာလမ်းတစ်လျှောက် ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်သို့ ရောက်ရှိကြရာ Grodno ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် လေဆိပ်မှတစ်ဆင့် ဓာတ်မြေဩဇာစက်ရုံသို့ မော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာရောက်ရှိခဲ့ကြရာ စက်ရုံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုလေ့လာခဲ့သည့် အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ Grodno မြို့တွင်တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏ အကြီးဆုံး နိုက်ထရိုဂျင် အခြေခံဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်း ထုတ်လုပ်သည့် နိုင်ငံပိုင်စက်ရုံကြီးတစ်ရုံဖြစ်သည်။ အဆိုပါ စက်ရုံသည် အမိုးနီးယား၊ ယူရီးယားနှင့် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံများစွာသို့လည်း တင်ပို့လျက်ရှိရာ မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများ တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## ကျောက်ဆည်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည် - တံတားဦးမြို့ချင်းဆက်လမ်းနှင့် ဆက်သွယ်ထားသော ညောင်ရွှေ- ကြက်လျှာ ကျေးရွာချင်းဆက်လမ်းကတ္တရာခင်းကျင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့က ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းအား ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၁၇ ရက်မှ စတင်ကာ ကတ္တရာခင်းချင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

❖ *ကျောဖုံးမှ*

ပြဋ္ဌာန်းချက်များအကြား ထိန်းညှိပေးနိုင်သည့် အမျိုးသားမြေဥပဒေ တစ်ရပ်ရေးဆွဲအတည်ပြုရန် အခြေအနေများ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သော အမျိုးသားမြေအသုံးချမှုမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် ကဏ္ဍအလိုက် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ၏ ကွဲလွဲမှုများကို ထိန်းညှိရန်အတွက် အမျိုးသားမြေဥပဒေအား Umbrella Law အဖြစ် ပြဋ္ဌာန်းရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်မြေအသုံးချမှုကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များ၊ မြေပုံများ၊ မှတ်တမ်းများ စုစည်းခြင်း၊ အမျိုးသားမြေအသုံးချမှုစီမံကိန်းနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲဆောင်ရွက်ရာတွင် အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန်ကိစ္စရပ်များ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ ပေါင်းစပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေး မှာကြားပြီး လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရေတိုရေရှည်မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်၊ အမျိုးသားမြေဥပဒေရေးဆွဲထုတ်ပြန်နိုင်ရန်နှင့် ကောင်းမွန်သည့် မြေသယံဇာတ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်လာနိုင်ရန်တို့အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် အမျိုးသားမြေအသုံးချမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသားမြေအသုံးချမှုဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပန်းပုပညာဌာန၌ ရွှံ့ပန်းပုထုဆစ်နေမှုကို ကြည့်ရှုစဉ်။

**မန္တလေး ဩဂုတ် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့အတွင်းရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်းရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက တက္ကသိုလ်၏ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ သင်ကြား လေ့ကျင့်ပေးလျက်ရှိသည့် ဘာသာရပ်များနှင့် ပညာသင်ကာလ စသည်ဖြင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဤတက္ကသိုလ်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပြီး အနုပညာရှင်မျိုးဆက်သစ်များ မွေးထုတ်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် ခေတ်နှင့်အညီ သင်ကြားရေးနည်းစနစ်များ တိုးတက်ကောင်းမွန်လာစေရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ဖန်တီးနိုင်စွမ်းများ ပိုမိုမြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့ရိုးရာ အနုပညာများ မပျောက်ပျက်စေရေးအတွက် ရိုးရာအနုပညာရပ်များကို စနစ်တကျ ထိန်းသိမ်းလေ့လာသင်ယူပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်မီ အနုပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် အရည်အသွေးရှိသောအနုပညာဆိုင်ရာ ပညာရေးကို အလေးထားဖော်ဆောင်ရန်နှင့် သင်ကြားရေး အထောက်အကူပြု ပစ္စည်းများကို စနစ်တကျ အသုံးပြုထိန်းသိမ်းထားရှိရန် မှာကြားသည်။

ထို့နောက် ရုပ်ရှင်နှင့်ပြဇာတ်ဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ကပြဖျော်ဖြေရန် ကျောင်းသား ကျောင်းသူများ၏ ပြဇာတ်လေ့ကျင့်နေမှုနှင့် ဇာတ်ကားတည်းဖြတ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပန်းချီပညာဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ပြသရန် ကျောင်းသား ကျောင်းသူများ ရေးဆွဲနေသည့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုရာ ကျောင်းသား ကျောင်းသူများက ပန်းချီကားများ၏ ခေါင်းစဉ်နှင့် အကြောင်းအရာများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် တက္ကသိုလ်စာကြည့်တိုက်အတွင်းရှိ ရည်ညွှန်းစာဖတ်ခန်းနှင့် E-library ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂီတပညာဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ဖျော်ဖြေမည့် ကျောင်းဆင်းဂုဏ်ပြုတေးသီချင်း သီဆိုလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ သဘင်ပညာဌာန၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ နှစ်ပါးသွားအက လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပန်းပုပညာဌာန၌ ကျောင်းသား ကျောင်းသူများက သစ်သားပန်းပု၊ ရွှံ့ပန်းပု ထုဆစ်နေမှုနှင့် ပန်းပုပြခန်းတို့ကိုလည်းကောင်း၊ ပန်းချီပြခန်း၌ အသုံးချ ဒီဂျစ်တယ်အနုပညာ ဒီပလိုမာသင်တန်းမှ ကျောင်းသား ကျောင်းသူများ ရိုက်ကူးထားသည့် ဓာတ်ပုံများနှင့် ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် ပန်းချီကားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ထွန်းကား ပြန့်ပွားအောင်ဆောင်ရွက်ရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သောမျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွန်းရေးအတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး အနုပညာစွမ်းအားဖြင့် အထောက်အကူပြုဆောင်ရွက်ရန်နှင့် မြန်မာ့ရိုးရာ အနုပညာရပ်များ ခေတ်နှင့်အညီ တိုးတက်ပြန့်ပွားရေးအတွက် ပြည်ပနိုင်ငံများရှိ အနုပညာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်မှန်းချက်များဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုပညာသင်နှစ်တွင် ဘာသာရပ်အလိုက် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၅ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူ တစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင် ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။


၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှုသို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား**
**လူ့အခွင့်အရေးကော်မရှင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံရုံးရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တည်းခိုရာ ဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများအား အမှာစကားပြောကြားစဉ်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်၍ သံရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ကြိုးစားသင်ယူ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကို ကာကွယ်ရမည်ဟူသော အသိစိတ်၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစု အပေါ် သစ္စာစောင့်သိကြရန်လိုကြောင်း၊ ပညာတော်သင် ရောက်ရှိနေခြင်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေခြင်းပင် ဖြစ်၍ နိုင်ငံအတွက်၊ တပ်မတော်အတွက် အကျိုးရှိအောင် ပြန်လည်အသုံးချနိုင်သည့်အထိ ကြိုးစားသင်ယူသွားကြရန်လိုကြောင်း၊ သင်ယူသည့် ဘာသာရပ်များမှတစ်ဆင့် ပိုမိုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရေး မျှော်မှန်း၍ လေ့လာသွားကြရန်လိုကြောင်း၊ တာဝန် ထမ်းဆောင်ချိန်နှင့် သင်တန်း ကာလတစ်လျှောက် တွေ့ကြုံရသည့် နိုင်ငံတကာ ဆက်ဆံရေးအတွေ့အကြုံကောင်းများကို ကောင်းမွန်စွာ ရရှိရေး လေ့လာသင်ယူသွားရန်လိုကြောင်း၊ နေထိုင်စဉ် ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကို သိရှိအောင် လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျ နေထိုင်သွားကြရန် လိုကြောင်း။

**အမြဲမပြတ်လေ့လာအားထုတ်**

မြန်မာ – ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများ ရှိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကိုယ်စား ဆောင်ရွက်နေကြသူများဖြစ်သောကြောင့် မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့ တာဝန်ယူရသည့် ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရာတွင် စံနမူနာပြ ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့် ထူးချွန်သူများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် သံရုံးမိသားစုများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၉)ကြိမ်မြောက် ထိုင်း – မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand – Myanmar High Level Committee Meeting) တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ် Wing 6 မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။




ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များလိုက်ပါလာသည့် တပ်မတော်အထူးလေယာဉ်သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံရုံးတို့မှ တာဝန်ရှိသူများ(ဝဲပုံ)က လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်း – မြန်မာ အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး ထိုင်းဘုရင့်တပ်မတော်မှ အကြီးအကဲများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခြင်းနှင့် ထိုင်းနိုင်ငံရှိ အထင်ကရနေရာများကို သွားရောက် ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် ရုံးဌာနအဖွဲ့အစည်းများ ဓာတ်အားယာယီပြတ်တောက်မည်

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများ အပြစ်ဖြစ်ပေါ်ပါက ဓာတ်အားပြတ်ရေိယာ လျှော့ချနိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၈)တွင် ဓာတ်အားလိုင်းအသစ်သွယ်တန်းခြင်းနှင့် ဓာတ်အားလိုင်းချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက်၊ ရတနာသိဒ္ဓိရပ်ကွက်များနှင့် ရုံးဌာနအဖွဲ့အစည်းများတွင် ဓာတ်အားယာယီပြတ်တောက်နေမည် ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အသက် ၁၀၁ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဗိုလ်ကြီး မြစိန်(အငြိမ်းစား) အား မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် အသက် ၁၀၁ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၁ နှစ်ပြည့် ဗိုလ်ကြီး မြစိန် (အငြိမ်းစား)အား ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ မြဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်နှင့် ထိုင်းဘုရင့်တပ်မတော် ဖွံ့ဖြိုးရေးဌာနချုပ်တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၁**

(၉) ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting) ကို တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ မြဘုရား (Temple of Emerald Buddha) သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်နန်းတွင်းကိုယ်စားလှယ် အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ဘုရင့်နန်းတော်ဆိုင်ရာများနှင့် မြဘုရားဆိုင်ရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### မြဘုရား ဖူးမြော်ကြည်ညို

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြဘုရားကျောင်းဆောင် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းမန်ဆက်ကပ်၍ ဖူးမြော်ကြည်ညိုပြီး မြဘုရားအတွက် ဘက်စုံအလှူတော်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြ၍ ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဘုရားကျောင်းဆောင်အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး တာဝန်ရှိသူများက မြဘုရားနှင့်သာသနိကအဆောက်အအုံများ၏ သမိုင်းကြောင်းများ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

### အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက် လေ့လာ

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒွန်မောင်းခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်(လေ)အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြတိုက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက် အတွင်း/အပြင်ရှိပြကွက်များတွင် ပြသထားသည့် လေယာဉ်များ၊ တိုက်လေယာဉ်များ၊ ဟယ်လီကော်ပတာများ၊ ထိုင်းဘုရင့်မိသားစုနှင့် အထူးဧည့်သည်တော်များ စီးနင်းခဲ့သည့် သမိုင်းဝင် အထူးလေယာဉ်များ၊ လေယာဉ်မောင်းနှင်မှု ပုံစံတူစက်များ၊ လေတပ်စကားပြောစက်များ၊ လက်နက်ကိရိယာများနှင့် စစ်ဝတ်စုံများ၏ ပြောင်းလဲလာပုံများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် တပ်မတော်(လေ) အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက် (National Aviation Museum of the Royal Thai Air Force) သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Don Mueang ခရိုင်ရှိ ဒွန်မောင်း ထိုင်းဘုရင့်လေတပ်စခန်း၌တည်ရှိပြီး ထိုင်းဘုရင့်တပ်မတော်(လေ)မှ အသုံးပြုခဲ့သည့် လေယာဉ်အမျိုးမျိုးနှင့် အခြားသော လေကြောင်းဆိုင်ရာ ကိရိယာများကို စုဆောင်းရန်၊ ထိန်းသိမ်းရန်နှင့် ပြန်လည်ပြင်ဆင်မွမ်းမံရန်ရည်ရွယ်၍ ၁၉၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပထမဆုံး ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ခဲ့သော ဗုံးကြဲလေယာဉ် Baribatra Bomber၊ ကမ္ဘာပေါ်တွင် နောက်ဆုံးကျန်ရှိတော့သည့် Curtiss Hawk III နှင့် Tachikawa Ki–36 ကဲ့သို့သော ဒုတိယကမ္ဘာစစ်ခေတ် ရှားပါးစစ်လေယာဉ်များ၊ F–5A ၊ F–16A နှင့် Gripen တိုက်လေယာဉ်များ၊ စစ်ဘက်သုံး ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ခင်းကျင်းပြသထားပြီး လေတပ်စခန်းသုံးပစ္စည်းများ၊ ခေတ်အဆက်ဆက် လေသူရဲယူနီဖောင်းများ၊ စစ်ဘက်သုံး ဆက်သွယ်ရေး ကိရိယာများနှင့် လေကြောင်းဆိုင်ရာ စာကြည့်တိုက်တို့ကိုလည်း ထည့်သွင်းပြသထားကြောင်း သိရှိရသည်။

### ထိုင်းဘုရင့်တပ်မတော် ဖွံ့ဖြိုးရေးဌာနချုပ် လေ့လာ

ယမန်နေ့ မွန်းလွဲပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော် ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဌာနချုပ်အစည်းအဝေးခန်းမတွင် တော်ဝင်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးရုံး ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဌာနချုပ်သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနချုပ်အတွင်းရှိ ထိုင်းဘုရင်များ၏ သမိုင်းကြောင်းဆိုင်ရာပြခန်းများ၊ ရေစီမံခန့်ခွဲမှုနှင့် တော်ဝင်စီမံကိန်းအရ တည်ဆောက်ခဲ့သော ဖွံ့ဖြိုးရေးလေ့လာရေး စင်တာများပြခန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းကွန်ရက်ရှိ နယ်စပ်ဒေသများရှိ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ ဒေတာများနှင့် စီမံကိန်းတိုးတက်မှု ပြသထားသည့် မြေပုံ/ စနစ်များပြခန်း၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ စက်ယန္တရားများ၊ ဆက်သွယ်ရေးနှင့် နည်းပညာပြခန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေး ဗဟိုဌာနပြခန်းတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် တပ်မတော် ဖွံ့ဖြိုးရေး ဌာနချုပ်မှတာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာသည် အဖွဲ့ဝင်များလိုက်ပါ၍ ဩဂုတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီး (Veterans General Hospital) သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံမှ တာဝန်ရှိသူများက ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံသမိုင်း မှတ်တမ်းဆိုင်ရာများ၊ ဆေးဝါးကုသပေးမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို Video Presentation ဖြင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။ ဆက်လက်၍ ဆေးရုံအတွင်း သစ်သားပန်းပုနှင့် ထိုင်းရိုးရာ Oshie လက်မှုအနုပညာ လုပ်ဆောင်မှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ စစ်မှုထမ်းဟောင်း အထွေထွေရောဂါကု ဆေးရုံကြီးသည် ဗန်ကောက်မြို့၊ Phaya Thai မြို့နယ်ရှိ Vibhavadi Rangsit လမ်းမကြီးပေါ်တွင် တည်ရှိသော အစိုးရအထူးကု ဆေးရုံကြီးတစ်ခုဖြစ်ပြီး စစ်မှုထမ်းဟောင်းများ စောင့်ရှောက်ရေး အဖွဲ့အစည်း (War Veterans Organization of Thailand–WVO) ၏ လက်အောက်တွင် စစ်ပွဲများနှင့် တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော စစ်မှုထမ်း ဟောင်းများ၊ မသန်စွမ်းဖြစ်သွားခဲ့သည့် ရဲဘော်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ထောက်ပံ့ကူညီပေးနိုင်ရန် ၁၉၇၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်၌ ကြည့်ရှုလေ့လာစဉ်။

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထု ပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလို

**မော်လမြိုင် ဩဂုတ် ၂၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်းသည် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ အပြီး ပေါ်ထွန်းလာသည့် လွှတ်တော်များ၏ လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီ၏ အဓိကအခြေခံဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတံခါးပေါက်ကို ဖြတ်သန်း၍ လွှတ်တော်များအတွင်း ပြည်သူလူထုအကျိုး၊ နိုင်ငံတော်အကျိုးသယ်ပိုးရန် ဝင်ရောက်လာသူများဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ အစိုးရ ပြည်သူကြားပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ရသည့်နေရာဖြစ်ခြင်းကြောင့် နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထုပူးပေါင်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း။

၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်အစိုးရ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားခဲ့ပြီး နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို အင်တိုက်အားတိုက် ဆောင်ရွက်ကြစေလိုကြောင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံမဲဆန္ဒရှင်ပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့်ကိုက်ညီသော ဥပဒေများ ပြင်ဆင်ဖြည့်စွက်အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုကြောင်း။

ပြည်သူ့လွှတ်တော် တတိယအကြိမ်ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်ကစတင်၍ ၂၀၂၆ ခုနှစ် ဧပြီ ၈ ရက်အထိ ကျင်းပခဲ့ပြီး တတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှစတင်၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၅၉၉ ခုနှင့် အဆို သုံးခုတို့ကို တင်သွင်းမေးမြန်းနိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် အမြဲတမ်းကော်မတီလေးခုအပါဝင် ကော်မတီ ၂၂ ခုရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ခေါ်ယူတွေ့ဆုံ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏အကျိုးကို ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လွှတ်တော်အစည်းအဝေးခန်းမအား ကြည့်ရှုကာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H.E. Mr. Ivanets Andrey Ivanovich တို့သည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မင့်စ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးက ယခုကဲ့သို့ အဆွေတော်တို့ လာရောက်ခြင်းသည် မိမိတို့အဖွဲ့အစည်းနှစ်ခုအကြား အဆင့်တစ်ခုကို တက်လှမ်းခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ဆွေးနွေးမှုများ ဆက်လက်ရရှိနိုင်မည်ဟု မျှော်လင့်မိကြောင်း၊ မိမိတို့အဖွဲ့အစည်း နှစ်ခုအကြားတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လျက်ရှိကြောင်း၊ ပညာရေးဆိုင်ရာနှင့်ပတ်သက်ပြီး အပြန်အလှန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျင်းပသည့် ဘယ်လာရုစ်-မြန်မာ စီးပွားရေးဖိုရမ်တွင်လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က မိမိတို့အဖွဲ့အား လက်ခံတွေ့ဆုံမှုအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်များသည် ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ရှိသကဲ့သို့ သီးခြားဝန်ကြီးဌာနများ လက်အောက်တွင်လည်း ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ဘာသာစကားတက္ကသိုလ်များရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ဆေးတက္ကသိုလ်များရှိကြောင်း၊ မိမိတို့ကိုယ်စားလှယ်များသည် ဝန်ကြီးဌာန သုံးခုကို ကိုယ်စားပြုကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ဘယ်လာရုစ် State တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် ပညာရေးဝန်ကြီးဌာန အချင်းချင်းလည်း လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်သည်ဟု သိရှိရသည့်အတွက် မိမိတို့ဘက်ကလည်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

အလားတူ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်က မိမိတို့အား ဖိတ်ခေါ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများအား ကြားသိခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် သိပ္ပံပညာရပ်များတွင်သာမက အာကာသနည်းပညာနှင့် ဂြိုဟ်တုအသုံးချသည့် လုပ်ငန်းများတွင် တိုးတက်မှုများစွာ ရရှိနေသည်ကို သိရှိရကြောင်း၊ မြန်မာအာကာသအေဂျင်စီအနေဖြင့် Belarusian State University နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားကြောင်း၊ ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာနိုင်ငံကို ခရီးစဉ်လာရောက်ချိန်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထိုအချိန်က ဘယ်လာရုစ်နိုင်ငံ သမ္မတကြီးသည် မိမိတို့နှစ်နိုင်ငံအကြားတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရာတွင် ကန့်သတ်မှု၊ တားမြစ်ထားမှုတစ်စုံတစ်ရာလုံးဝမရှိဘဲ ပူးပေါင်းဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်း လုပ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံ၏အာကာသအေဂျင်စီနှင့် Belarusian State University တို့ ယခုခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်ရန်ရှိပါကြောင်း၊ အဆွေတော်ဝန်ကြီးအနေနှင့် ဘယ်လာရုစ်နိုင်ငံတွင် တိုးတက်နေသည့် သိပ္ပံနှင့် နည်းပညာဘာသာရပ်များ၊ မောင်းသူမဲ့လေယာဉ် တည်ဆောက်ရေးကိစ္စရပ်များ၊ ဂြိုဟ်တုအသေးစားများ တည်ဆောက်ရေးနှင့် ဂြိုဟ်တုကိုအသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို ချဲ့ထွင်ပေးရန် အခွင့်အလမ်းများ ပေးအပ်နိုင်ရေး တောင်းဆိုလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းက မိမိတို့ကို ယခုလို အချိန်ပေးပြီး တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အဓိကအားဖြင့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များရှိပြီး ယင်းတက္ကသိုလ်များတွင် အဏုမြူနှင့် ပတ်သက်သည့် ဘာသာရပ်များ သင်ကြားနေခြင်းများ ရှိသကဲ့သို့ အာကာသနည်းပညာနှင့် ပတ်သက်ပြီးလည်း သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် အသက်မွေးဝမ်းကျောင်းမှု ပညာနှင့် ပတ်သက်သည့် နည်းပညာကျောင်းများနှင့် သက်မွေးပညာ ကောလိပ်များလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း လာရောက်လည်ပတ်ရန်အတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H.E. Mr. Ivanets Andrey Ivanovich၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာနအကြီးအကဲ Irina Shit-kovsk aya၊ အဆင့်မြင့်ပညာရေးဌာန အကြီးအကဲ Dutina Alina Alexandrovna၊ သိပ္ပံနှင့်ဆန်းသစ်တီထွင်မှုဌာန အကြီးအကဲ She-shko Nikolay Nikolaevich တို့ တက်ရောက်ကြသည်။

ဆက်လက်၍မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Belarusian State University သို့ သွားရောက်လေ့လာရာ Belarusian State University မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး Belarusian State University ၏ ပထမ အဓိပတိ Dmitry Mirosla-vovich Kurlovich ၊ သိပ္ပံနှင့်သုတေသနလုပ်ငန်းဆိုင်ရာ ဒုတိယအဓိပတိ Andrey Viktorovich Blokhin နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ Belarusian State University အတွင်းရှိ စမ်းသပ်ခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ကြောင့် မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHEC မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Communications Construction Company (CCCC) ၏ ကုမ္ပဏီဖြစ်သည့် China Harbour Engineering Company Ltd. – CHEC မှ မန်နေဂျင်းဒါရိုက်တာ Mr. Meng Wei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ CHEC (Myanmar) Talent Development Centre နှင့် CHEC Global BIM Centre အစီအစဉ် (၂) ရပ်ဖြစ်သော လူသားအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ Digital နည်းပညာအသွင်ကူးပြောင်းသော နိုင်ငံတကာစီမံကိန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**






## မြန်မာ-ဘယ်လာရုစ် ကျန်းမာရေးဝန်ကြီးများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliak–sandr Khajayeu နှင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် Belarusian State Medical University ၌ တွေ့ဆုံဆွေးနွေးသည်။ (အပေါ်ပုံ)

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ကျန်းမာရေး ဝန်ကြီးများသည် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး Belarusian State Medical University တွင် ကျောင်းသားများ ပညာသင်ကြားရေးနှင့် ပတ်သက်သည်များကို လေ့လာကြည့်ရှုကာ ဆေးရုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် တည်ရှိသည့် Belarusian State Medical University သည် နိုင်ငံအတွင်း သက်တမ်းအရှည်ဆုံးနှင့် အဓိကကျသည့် ဆေးတက္ကသိုလ် တစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဆေးတက္ကသိုလ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တွင် စာရင်းဝင်ထားပြီး နိုင်ငံတကာဆေးကောင်စီများက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုဖြစ်ကာ နိုင်ငံတကာ ကျောင်းသားများအတွက် ဆေးပညာနှင့် သွားဘက်ဆိုင်ရာဆေးပညာဘာသာရပ်များကို အင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက်သင်ကြားပေးသည့် ဆေးတက္ကသိုလ် တစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စုပေါင်းစိုက်ပျိုးခြင်းများ၊ စုပေါင်းမွေးမြူခြင်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး စည်းရုံးဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၂၁**

သမဝါယမအသင်းများအနေဖြင့် တောင်သူများကို တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်နေသည်မှ အစုအဖွဲ့စနစ်၊ တစ်ဆက်တစ်စပ်တည်း စုပေါင်းစိုက်ပျိုးခြင်းများ၊ စုပေါင်းမွေးမြူခြင်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး စည်းရုံးဆွေးနွေးပြီး တောင်သူများ၏ လိုအပ်သည့်မျိုး၊ သွင်းအားစုနှင့် အရင်းအနှီးများရရှိစေရေး၊ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းဆိုင်ရာ စက်ကိရိယာများအသုံးပြုနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုပေးရန်နှင့် လိုအပ်သည်များကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၌ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက သမဝါယမအသင်းသားများနှင့် တွေ့ဆုံမှာကြားစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးတွင် စပါး၊ ဝါနှင့် ဆီထွက်သီးနှံ စိုက်ပျိုးမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးတွင် ပါဝင်ဆောင်ရွက်နေမှုသည် နိုင်ငံ့စားရေရိက္ခာဖူလုံရေး၊ ပြည်ပတင်ပို့နိုင်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ သီးနှံအထွက်နှုန်းတိုးစေရန်၊ ထုတ်လုပ်မှုစရိတ် သက်သာစေရန်နှင့် ဈေးကွက်ရရှိအောင် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားကာ အသင်းသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မူလတန်းကျောင်းသား ကျောင်းသူများ ခန္ဓာကိုယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးစေရေး အာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန် တစ်သျှူးငှက်ပျောပင် ၁၃၈၄ ပင် စိုက်ပျိုးပြီး အခြေခံစားသောက်ကုန်များ ပေးအပ်

**လွိုင်ကော်  ဩဂုတ်  ၂၁**

အခြေခံပညာကျောင်းများရှိ မူလတန်း ကျောင်းသားကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည် ဖွံ့ဖြိုးစေရေးအထောက်အကူပြု အာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန် ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ (ထေးငှားလျှား) ၌ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ကျောင်းဝင်းအတွင်း တစ်သျှူးငှက်ပျောပင် ၁၃၈၄ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်နှင့် တာဝန်ရှိသူများ ပါဝင်စိုက်ပျိုးခဲ့ကြပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၉၀ x ၃၀ RCC တစ်ထပ်စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုနှင့် ပေ ၄၀x ၃၀ RCC တစ်ထပ် စာကြည့်တိုက်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက်ရန်၊ စာသင်ကျောင်းဝင်းအတွင်း သန့်ရှင်းရေးအလေးထားဆောင်ရွက်ရန် မှာကြားသည်။



ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းခွဲ (ချိုကယ်)၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၄၀ x ၃၀ RCC တစ်ထပ် စာကြည့်တိုက်ဆောက်လုပ်နေမှုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၁၂၀ x ၃၀ စာသင်ဆောင် အကြီးစားပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချိုကယ်ကန္ဒရဝတီဘုန်းကြီးကျောင်း၌ ဒေါတချား (ပအိုဝ်းနှင့်ကယား) ကျေးရွာများမှ ကျောင်းလာတက်သည့် ကျောင်းသားကျောင်းသူများအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်းဆေးကုသပေးနေမှု၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်း၊ ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူနှင့် မိဘအုပ်ထိန်းသူများအား တာရှည်ခံဆေးစိမ်ခြင်ထောင်နှင့် ဆန်၊ ဆီ၊ ကြက်ဥ စသည့်အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ (အပေါ်ဝဲပုံ)

**ပြည်နယ်(ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော်  ဩဂုတ်  ၂၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း (၁၄)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၁**
(၁၄)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ရှိအာဆီယံဆိုင်ရာအစည်းအဝေးများ၏ ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ Virtual စနစ်ဖြင့်ကျင်းပခဲ့ပြီး ဩဂုတ် ၂၁ ရက် အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် ဦးတည်ဆောင်ရွက်လျက်ရှိသည့် ၂၀၂၆-၂၀၃၀ အာဆီယံလူငယ် လုပ်ငန်းအစီအစဉ်နှင့်အညီ လူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ အာဆီယံဒေသအဆင့် ဆောင်ရွက်သွားမည့်အစီအစဉ်နှင့် လက်ရှိဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၏ ဆောင်ပုဒ်တို့နှင့်စပ်လျဉ်း၍ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ရှင်းလင်းဆွေးနွေးသည်။



(၁၄)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၁ ရက် နံနက်ပိုင်းကကျင်းပရာ အစည်းအဝေးတွင် (၁၄) ကြိမ်နှင့် (၁၅) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ အစီရင်ခံစာများကိုတင်ပြခြင်း၊ ၂၀၂၆-၂၀၃၀ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ "လူငယ်တွေ ဖွံ့ဖြိုးတိုးတက်အောင် အားပေးရန် အားလုံးပါဝင်တိုးတက်တီထွင်ကြံ့ကြံ့ခံသည့် အာဆီယံအနာဂတ်ဆီသို့ အတူလျှောက်လှမ်းကြပါစို့" အာဆီယံကြေညာစာတမ်း၊ လူငယ်များ၏ ဒီဂျစ်တယ်ခံနိုင်ရည်စွမ်းများမြှင့်တင်ရေးဆိုင်ရာ လူငယ်ထုတ်ပြန်ချက်နှင့် (၁၄) ကြိမ်မြောက် အစည်းအဝေး ပူးတွဲထုတ်ပြန်ချက်များကို အတည်ပြုချမှတ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၁၀)ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကိုပြုလုပ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများနှင့် အပေါင်း ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ လူငယ်ဆိုင်ရာဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး (၁၀)ကြိမ်မြောက် အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

(၁၄) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၌ လက်ရှိဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက နောင်လာမည့် ၂၀၂၇ - ၂၀၂၈ ခုနှစ်များအတွက် အလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံထံသို့ ဥက္ကဋ္ဌတာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့ပြီး (၁၀) ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၌ လက်ရှိပူးတွဲဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က နောင်လာမည့် ပူးတွဲဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

(၁၄) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်ကြသည့် (၁၅) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက်အာဆီယံအပေါင်း၃ လူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့ရာ လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၆ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပပြီး ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ ကိုယ်ဝန်ဆောင်အားဆေး၊ အနီးပိတ်များနှင့် အာဟာရများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ငါးနှစ်အောက် ကလေးငယ်များကို ဗီတာမင်အားဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနား ဒုတိယပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အာဟာရ" နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အာဟာရ ဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးသော်တာမွန်က "ငါးနှစ်အောက် ကလေးအာဟာရ" နှင့် ပတ်သက်၍လည်းကောင်း အသိပညာပေး ဟောပြောကြကာ မေတ္တာစမ်းရေ ဆေးခန်းတွင် သုံးကြိမ်နှင့်အထက် လာရောက်ပြသပေးသော ကိုယ်ဝန်ဆောင်များအား မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရ အကြောင်းများနှင့် ပတ်သက်သော မေးခွန်းလွှာများကို ဖြေဆိုစေခဲ့ပြီး ထူးချွန်စွာဖြေဆိုနိုင်ခဲ့သော ကိုယ်ဝန်ဆောင်များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ပေးအပ်ခဲ့၍ ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ် စားသောက်တတ်စေရန်အတွက် ချက်ပြုတ်သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ၂၀၀၉ ခုနှစ်က စတင်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့်ပူးပေါင်း၍ "အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ" အဖြစ် ဩဂုတ်လတစ်လလုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နှစ်စဉ် ဩဂုတ်လ၏ ပထမပတ်သည် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်လည်းဖြစ်ကြောင်း၊ မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မိခင်နို့ကို အလွယ်တကူ တိုက်ကျွေးနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်အတွက် အားလုံးက ဝိုင်းဝန်းအထောက်အပံ့ပေးရန် လိုအပ်ကြောင်းကို သိရှိနိုင်စေရန်အတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် World Alliance for Breastfeeding Action (WABA) အဖွဲ့က တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် သတ်မှတ်သည့် 'ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်' ဆောင်ပုဒ်မှာ "Breastfeeding for a Sustain-able Start in Life: Strengthen What Works" ဖြစ်ပြီး မြန်မာလို "ဘဝအစလှပဖို့ မိခင်နို့ချိုတိုက်ကျွေးလို့ အလေ့အထကောင်းများ မြှင့်တင်စို့" ဟူ၍ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကရင်ပြည်နယ် မြဝတီမြို့၊ လှိုင်းဘွဲ့မြို့၊ ကြာအင်းဆိပ်ကြီးမြို့နှင့် မွန်ပြည်နယ် ရေးမြို့နယ်တို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**
ကရင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာအချို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ယနေ့နံနက်ပိုင်းမှစ၍ မြဝတီမြို့နယ်ရှိ ရပ်ကွက်ငါးခု၌ လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခု၌လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အမှတ်(၆) ရပ်ကွက်အတွင်း၌လည်းကောင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်သုံးမြို့နယ်ရှိ ရပ်ကွက်ရှစ်ခုမှ ရေဘေးသင့်ပြည်သူ ၂၅၃၃ ဦးအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးကင်းလွတ်ရာနေရာများသို့ ရွှေ့ပြောင်းကူညီပေးခြင်းများကို ချက်ချင်းသွားရောက်ဆောင်ရွက်ပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌လည်း ယနေ့မွန်းလွဲပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြေနိမ့်ပိုင်းရပ်ကွက် နှစ်ခု၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူ ၂၇၃ ဦးအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးကင်းလွတ်ရာနေရာများသို့ရွှေ့ပြောင်းပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေး

ပြည် ဩဂုတ် ၂၁

ပြည်ခရိုင်အတွင်း လယ်ယာသုံးစက်ကိရိယာ၊ ဒေသထွက်လူသုံးကုန်နှင့် စားသုံးကုန်အမယ်မျိုးစုံ ထွက်ရှိသည့်အတွက် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်ရရှိရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့နံနက်ပိုင်းက ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားစေရေးအတွက် မိရိုးဖလာလုပ်ကိုင်မှုမှ ခေတ်မီနည်းပညာများနှင့် ဆန်းသစ်တီထွင်မှုများ ပြောင်းလဲဆောင်ရွက်သွားရန်၊ ပုံမှန်ဈေးကွက်ရှာဖွေမှုမှ ဒီဂျစ်တယ်နည်းပညာကို အသုံးချပြီး ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေး ကြိုးစားသွားရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များက ထုပ်ပိုးမှုစက်ပစ္စည်းများ ဝယ်ယူရရှိရေး၊ MSME အမယ်သစ် ထုတ်ကုန်အသစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် ချေးငွေရရှိရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင် ၁၀၆ ဦးတို့ ခင်းကျင်းပြသထားသည့် ဒေသထွက်ပစ္စည်းမျိုးစုံ ၃၅၈ ခုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရှမ်းပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေး

တောင်ကြီး ဩဂုတ် ၂၁

**ရှမ်းပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းပင်စင်စားဝန်ထမ်းများကို ယနေ့နံနက်ပိုင်းက စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတို့မှ ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများက အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါစမ်းသပ်ကုသပေးကာ တိုင်းရင်းဆေးဦးစီးဌာနမှ တိုင်းရင်းဆေးများဖြင့် စမ်းသပ်ကုသပေးပြီး ပင်စင်စားများ သက်သာချောင်ချိရေးအတွက် အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်ဥများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။**

ထိုသို့ဆေးကုသနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြား၍ ပင်စင်စားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားဝန်ထမ်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ပင်စင်ထုတ်ရက်များတွင် အငြိမ်းစားဝန်ထမ်းတစ်ဦးကို တစ်လလျှင် စားအုန်းဆီတစ်ပိဿာ ၅၀ ကျပ်သား၊ ဆန်ရှစ်ပြည်နှင့်ကြက်ဥများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သထုံမြို့နယ် စိုက်ပျိုးမွေးမြူရေးကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ငွေကျပ် ၅၁ သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၁

သထုံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သထုံ)ရှိ ကျောင်းသားကျောင်းသူ ၁၁၆ ဦးအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဩဂုတ်လအတွက် ငွေကျပ် ၅၁ သိန်းကျော်တန်ဖိုးရှိ ဆန်ရိက္ခာနှင့် ကြက်ဥ စသည့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့က မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ အဆိုပါကျောင်းများသို့ သွားရောက်ခဲ့ပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးတွင် အရေးပါသော အခြေခံကဏ္ဍတစ်ခုဖြစ်၍ စနစ်တကျကြိုးစားသင်ယူရန် တိုက်တွန်းပြောကြားပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ သထုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ လုပ်ငန်းလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ တာဝန်ရှိသူများက စက်ရုံလည်ပတ်ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်များ၏ အကြီးစားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် စက်ရုံအပြည့်အဝ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ ဓာတ်အားပေးစက်ရုံ အတွင်းရှိ ထိန်းချုပ်ခန်း (Control Room)၊ တာဘိုင် စက်ရုံဆောင်များနှင့် သဘာဝဓာတ်ငွေ့ ထိန်းညှိစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)စက်ရုံရှိ တာယာထုတ်လုပ်ရေး စက်ယန္တရားများ၊ ကုန်ကြမ်းသိုလှောင်ရုံများနှင့် စက်ရုံဝင်းအတွင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံလုပ်ငန်းများ ရပ်နားထားရသည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံရပ်နားထားစဉ် ကာလအတွင်း စက်ပစ္စည်းများ ရေရှည်ကြံ့ခိုင်မှုရှိစေရေး၊ ပြည်နယ်အတွင်း ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းကို အခြေခံ၍ ပြည်တွင်း တာယာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စက်ရုံပြန်လည်လည်ပတ်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့ မြို့မဈေး၊ နောင်ဘိုကန်နှင့် မြို့မရေလှောင်ဆည်အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဟိုပုံး ဩဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ မြို့မဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများ အဆင်ပြေချောမွေ့စွာရောင်းဝယ်ဖောက်ကားနိုင်ရေး၊ ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မြို့မဈေးအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များသည် ဈေးအတွင်း ဈေးဆိုင်ခန်းများ၏အခြေအနေ၊ စားသောက်ကုန်များ ရောင်းချနေမှု၊ ဈေးပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေဆိုးစွန့်ပစ်မှုနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့ပြင် နောင်ဘိုကန်နှင့် မြို့မရေလှောင်ဆည်အား အမှိုက်များစနစ်တကျစွန့်ပစ်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်ကြဲပက်

မန္တလေး ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာအုပ်စု ကွင်းအမှတ် (၄၅၀)၊ တောင်သူ ဦးဟန်စိုး၏ ရောမင်း မျိုးစပါး စိုက်ကွင်း၌ ယနေ့နံနက် ၈ နာရီခွဲက ဓာတ်မြေသြဇာ လျှော့ချသုံးစွဲရေးအတွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ် ကြဲပက်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်စိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။



ထို့နောက် စပါးမျိုးစေ့ထုတ်စိုက်ခင်းအတွင်း သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ အချိုးကျရောစပ်၍ တောင်သူများ ကြဲပက်နေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **ရွှေရန်ကင်း**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊**
**တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊**
**ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ချင်းပြည်နယ်ဖလမ်းမြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ ပထမအဆင့်ပြုပြင်ခြင်းလုပ်ငန်း ၁၇ ရာခိုင်နှုန်းပြီးစီး

ဖလမ်း ဩဂုတ် ၂၁

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့ရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာရုံး အဆောက်အအုံများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပထမအဆင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖလမ်းမြို့နယ်အတွင်း ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၈ လုံး ပြင်ဆင်လျက်ရှိရာ ၁၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။




အလားတူ တီးတိန်မြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်ပြင်ဆင်ခြင်းလုပ်ငန်း၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း KG ကျောင်းဆောင် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့် ပြန်လည်ပြင်ဆင်မှုအနေဖြင့် ဌာန ကိုးဌာနမှ အဆောက်အအုံ ၂၇ လုံး ပြင်ဆင်လျက်ရှိရာ ၄၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့ပြင် တွန်းဇံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆောက်အအုံပြုပြင်ခြင်း၊ လျှပ်စစ် ၄ ခန်းတွဲဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်း၊ မြို့နယ်လျှပ်စစ်ရုံးပြုပြင်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်း၊ Cyclone Shelter ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာ အဆောက်အအုံ ၄၂ လုံး ပထမအဆင့် ပြုပြင်ခြင်းအတွက် လုပ်ငန်းအားလုံး၏ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ပြန်လည်ပြုပြင်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ 6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် စံပြမိခင်ပြိုင်ပွဲနှင့် အသက် ၂ နှစ်အောက် စံပြကလေးပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် ကလေးများအတွက် အရုပ်နှင့် ကစားစရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အလားတူယမန်နေ့က ဖလမ်းခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကလောမြို့နယ်၌ ချောင်းရေတိုက်စားမှုကြောင့် တံတားပျက်စီးသဖြင့် ယာယီတံတားတည်ဆောက်မည်

ကလော ဩဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ ချောင်းရေတိုက်စားမှုဒဏ်ကြောင့် မြေထိန်းနံရံပြိုကျပြီး တံတားပြိုကျပျက်စီးမှု အခြေအနေများကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးသည် လွယ်အံကျေးရွာအုပ်စု အင်းပြင်ကျေးရွာဘုန်းတော်ကြီးကျောင်းအနီး ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား ချောင်းရေတိုက်စားမှုဒဏ်ကြောင့် မြေထိန်းနံရံပြိုကျပြီး ပြိုကျပျက်စီးမှုကြောင့် ပြည်သူများဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီတံတားဆောက်လုပ်မည့် အခြေအနေများနှင့် တံတားအသစ်ပြန်လည်ဆောက်လုပ်မည့် အခြေအနေများကို သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါကာကွယ်ခြင်း နှီးနွှယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများကို တစ်စုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ကာကွယ်ခြင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းက ခွေးရူးပြန်ရောဂါသည် ကာကွယ်ဆေးဖြင့်ကာကွယ်၍ ရသော ရောဂါဖြစ်သဖြင့် ခွေးများကို အစုလိုက် ကာကွယ်ဆေးထိုးနှံခြင်းသည် ကူးစက်ခြင်းအား ဖြတ်တောက်နိုင်သော အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း၊ ခွေးရူးရောဂါကင်းစင်ပပျောက်ရေး Global Target မှာ "Zero by 30" ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခွေးရူးပြန်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား One Health Approach ဖြင့် နှီးနွှယ်ဌာနဆိုင်ရာများ ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးမှ ခွေး/တိရစ္ဆာန်ကိုက်ခံရ၍ ဆေးရုံ/ဆေးခန်းများသို့လာရောက်ပြသမှု အခြေအနေ၊ ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု၊ နှီးနွှယ်ဌာနဆိုင်ရာများမှ ပူးပေါင်းအားဖြည့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးတင်ပြခဲ့သည်။

ဟိန်းထက်ဇော်

◆ *ကျော့ဖုံးမှ*

အဆိုပါကွင်း၌ အစဉ်အလာကောင်းများရှိခဲ့သည့် ဗီယက်နမ်အသင်းသည် ယခုပွဲစဉ်အတွက်လည်း ယုံကြည်မှု မြင့်မားလျက်ရှိသည်။

ဂိုးသွင်းအများဆုံးစာရင်းထိပ်ဆုံးမှ ငုယင်ရှန်ဆွန်နှင့် ငုယင်ဒင်ဘက်တို့၏ တိုက်စစ်အတွဲမှာ အထူးခြေစွမ်းပြနေပြီး ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမား (MVP) ဆုအတွက်ပါ ရေပန်းစားနေသည်။

ဗီယက်နမ် အသင်းသည် ကိုရီးယားနိုင်ငံတွင် စခန်းသွင်းလေ့ကျင့်ကာ စနစ်တကျပြင်ဆင်ထားပြီး ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် ရလဒ်ကောင်းရယူကာ ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်၌ ပရိသတ်များ ရှေ့တွင် ချန်ပီယံဆု အောင်ပွဲခံနိုင်ရန် ပြင်ဆင်ထားသည်။

ထိုင်းအသင်းသည် ၁၉၉၆ စတင်ချိန်မှစ၍ ချန်ပီယံဆု ၇ ကြိမ်၊ ဒုတိယဆု ၄ ကြိမ်ဖြင့် ပြိုင်ပွဲ၏ အအောင်မြင်ဆုံး အသင်းအဖြစ်ရပ်တည်နေပြီး ယခုနှစ်တွင် ၈ ကြိမ်မြောက်သရဖူကို ရယူရန် အကောင်းဆုံးပြင်ဆင်ထားသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းက ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၂၄ တွင် ဗီယက်နမ်က အနိုင်ရရှိခဲ့သဖြင့် ယခုနှစ်ဗိုလ်လုပွဲသည် နှစ်နိုင်ငံကြား တတိယမြောက် ထိပ်တိုက်တွေ့ဆုံမှု ဖြစ်သည်။

ထိုင်းအသင်းသည် ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို အိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ချန်ပီယံဆု ရယူနိုင်ရေး မျှော်လင့်ချက်အပြည့်ဖြင့် ရင်ဆိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-VOV

❍ *ကျော့ဖုံးမှ*

နေပြည်တော် RTC တို့တွင် ကျင်းပခဲ့သည့် FIFA/ MFF U-15 LEAGUE 2026 ပြိုင်ပွဲများမှ ရွေးချယ်ခံထားရသော လူငယ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကစားသမားများအနေဖြင့် ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီသို့ ရုံးချိန်အတွင်း လာရောက်သတင်းပို့ရမည်ဖြစ်သည်။ လူရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ အမျိုးသားဘောလုံးအကယ်ဒမီကွင်း၌ 8 vs 8 Competition စနစ်ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ပဏာမကစားသမား ၃၂ ဦးစာရင်းကို ဩဂုတ် ၃၁ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-YUFC

※ *ကျော့ဖုံးမှ*

ပင်မထရန်စဖော်မာ အမှတ် (၂)နှင့် ၃၃ ကေဗွီ ပင်မဖြန့်ဖြူးရေးလိုင်း အမှတ် (၂)တို့ကို ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှမွန်းလွဲ ၃နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများ၊ စက်မှုဇုန်များ၊ စက်ရုံ/ အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါ၍ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ၂၃၀ ကေဗွီ မော်လမြိုင်ပင်မဓာတ်အားခွဲရုံရှိ ကြိုးလွန်းပွ/လွန်းပြတ်မှု ဖြစ်ပေါ်နေသောကြိုးများကို အစားထိုးလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၂)အား ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှညနေ ၄ နာရီအထိ ၄နာရီကြာခန့် ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်၍ မွန်ပြည်နယ်အတွင်းရှိ သံဖြူဇရပ်မြို့၊ ချောင်းဆုံမြို့၊ ကမာဝက်မြို့၊ ကျိုက္ခမီမြို့နှင့် မော်လမြိုင်မြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ စက်ရုံ/အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအားသက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင်၂၃၀ ကေဗွီ ဝါးတရာပင်မဓာတ်အားခွဲရုံရှိ မီးစားမှုဖြစ်ပေါ်နေသော ဗို့အားမြင့် ဓာတ်အား ဖွင့်/ပိတ် ခလုတ်အား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၁)ကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ ၁၀နာရီခွဲအထိ အချိန် ၂ နာရီခွဲခန့် ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာဓုကန်စက်မှုဇုန်၊ ဝါးတရာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြန်မာပေါင်ချိန်စက်ရုံနှင့် ရွှေပြည်သာမြို့နယ်တို့ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ်များအား ကားသော့အတုများအသုံးပြု၍ ခိုးယူခဲ့သူ တရားခံအမျိုးသားတစ်ဦးအား သက်သေခံမော်တော်ယာဉ်ခြောက်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ်များအား ကားသော့အတုများ အသုံးပြု၍ ခိုးယူခဲ့သူ တရားခံ အမျိုးသားတစ်ဦးအား သက်သေခံ မော်တော်ယာဉ် ခြောက်စီးနှင့် အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဦးစိုးခိုင်ဦး (၅၆)နှစ်သည် ဩဂုတ် ၁၁ ရက် ညပိုင်းတွင် ၎င်းပိုင် YGN-44 7G-3513 TOYOTA TOYOACE LYZ 30 LIGHT TRUCK မော်တော်ယာဉ်အား အမှတ်(၃)ရပ်ကွက် အေးရိပ်မွန် (၂)လမ်းနှင့် ရတနာမွန်(၅) လမ်းထောင့်တွင် ညအိပ်ရပ်ထားခဲ့ရာမှ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်အား တွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းချက်အရ ပိတောက်ချောင်းနယ်မြေ ရဲစခန်း (ပ)၁၁၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(ကား) ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်ခိုးယူသူ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ ခိုးမှုကျူးလွန်သူ တရားခံ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းတကော်ကျေးရွာနေ စိုးသန်း (ခ) ကိုကိုလေး (၅၃) နှစ်အား ဩဂုတ် ၁၈ ရက် ညပိုင်းတွင် လှိုင်မြို့နယ် (၂) ရပ်ကွက် ဘုရင့်နောင်လမ်းသွယ်(၂)လမ်းရှိ Royal Toe Hotel အခန်းအမှတ် (၂၀၇)၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ စိုးသန်း(ခ)ကိုကိုလေးအား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ဩဂုတ် ၉၊ ၁၀၊ ၁၃၊ ၁၄ ရက်တို့တွင် အခြားမော်တော်ယာဉ်ငါးစီးတို့အား ကားသော့အတုများအသုံးပြု၍ အသီးသီး ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရပြီး သက်သေခံယာဉ်များအား သိမ်းဆည်းရမိခဲ့သည်။

တရားခံ စိုးသန်း(ခ)ကိုကိုလေး၏ ထွက်ဆိုချက်အရ ၎င်းသည် ဩဂုတ် ၉ ရက်မှစတင်၍ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ကျွန်စစ်သားလမ်းရှိ NICE DAY Hotel ၌ ရောက်ရှိတည်းခိုနေထိုင်ခဲ့ပြီး ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့မှရပ်တန့်ထားသည့်မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုခဲ့ကာ ကားသော့အတုများ အသုံးပြု၍ မော်တော်ယာဉ်များအား ခိုးယူခဲ့ပြီးနောက် ခိုးယူရာမှရရှိသည့် မော်တော်ယာဉ်မှ ဆီများ ထုတ်ယူရောင်းချခြင်း၊ ကားဘက်ထရီအိုးနှင့် ကားဘီးများ ဖြုတ်၍ ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ်ခြောက်စီးအား ခိုးယူခဲ့သူ တရားခံ စိုးသန်း(ခ) ကိုကိုလေးအား သက်သေခံ မော်တော်ယာဉ်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း)ခွင့်ပြုထုတ်ပေး

**မန္တလေး ဩဂုတ် ၂၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော Yadanabon Glory Co.,Ltd. မှ အာမခံအလုပ်သမား ဒေါ်အေးသီတာသည် အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၆၁၂၀၀၀၀/- (ကျပ်ခြောက်ဆယ့်တစ်သိန်းနှစ်သောင်းတိတိ) ကို ဒေါ်အေးသီတာ၏ မိခင်ဖြစ်သူ ဒေါ်လှညွန့်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မန္တလေးချည်မျှင် စက်ရုံ(၂)မှ အာမခံအလုပ်သမား ဦးငြိမ်းမင်းစံသည် အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၅၅၈၈၃၅၂-/ (ကျပ်ငါးဆယ့်ငါးသိန်းရှစ်သောင်း ရှစ်ထောင့်သုံးရာငါးဆယ့်နှစ်တိတိ) ကို ဦးငြိမ်းမင်းစံအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**

## လားရှိုးမြို့နယ် ဂျီအီးစီ(ပညာရေး)ဝန်ထမ်းများသမဝါယမ အသင်း အမှုဆောင်သစ်ရွေးချယ်

**လားရှိုး ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ဂျီအီးစီ(ပညာရေး) ဝန်ထမ်းများ သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်း အမှုဆောင်သစ်ရွေးချယ်ခြင်းကို



ယနေ့နံနက်ပိုင်းက အထက(၆) ကမ္ဘာဇခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိဦးဆန်မန်းတို့က အမှာစကားပြောကြားပြီး အသင်း နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကိုတာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခဲ့ပြီး ဂျီအီးစီ(ပညာရေး) ဝန်ထမ်းများ သမဝါယမအသင်း လီမိတက်၏ အမှုဆောင်သစ်များကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ပဲခူးမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပဲခူး ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ယမန်နေ့က တိုင်းဒေသကြီး လှူငယ်စင်တာခန်းမ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသော်ဇင်ဦးက အမှာစကားနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။ **သက်ထက်**

## မော်လမြိုင်မြို့၌ အခွန်ဦးစီးဌာန ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဩဂုတ် ၂၁**

မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့မှ ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး



အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝ္ဍန်စိန်ဂီ က အမှာစကားပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ပြည်နယ်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးဖြူစိုးကြည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောကာ တက်ရောက်လာကြသည့် အခွန်ဌာန ဝန်ထမ်းများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပလက်ဟာနော့ဗ် စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် အပ်နှင်းခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

**မိခင် အမည်မှန်**

ကျုံပျော်ခရိုင်၊ ကျောင်းကုန်း မြို့နယ်၊ အလက(ရေတာကြီး) ၂၀၂၆-၂၀၂၇ Grade-9 (၁၁၉၉)၊ မောင်သူရအောင် ၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းလေး ၁၄/ကကန (နိုင်)၁၂၃၇၃၈ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းလေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၂၂/၁၆) ဟုခေါ်တွင်သော မြေတိုင်းဌာန၏ ကွင်း/အကွက်အမှတ်နှင့်အမည်- (၈.က/ဘုရားဖြူရပ်)၊ ဦးပိုင်အမှတ်-(၃)၊ (၀.၁၆၁)ဧကရှိ အိမ်/မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိမရွှေ့ မပြောင်းနိုင်သောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန်းခင်ဌေ (၁၃/တကန(နိုင်)၀၀၉၉၂၈)က ဂရန်အမှုတွဲအမှတ်(၁၆၂/၂၀၁၈)အရ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်မီးစီ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသွယ်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၂၂)**
**အမှတ်(၁၂၁)၊ ပန်းတင်လမ်းခွဲ(၁၉)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကုံ)၊ မြေကွက်အမှတ်(ခ/၁၂၈၊ ခ/၁၂၉)၊ မြေဧရိယာ(၀.၂၂၀)ဧကရှိမြေအား စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)၏ (၂၂-၁၁-၂၀၂၂) ရက်စွဲပါစာအမှတ်၊ စက်မှု/ကြီးကြပ်-၂(၀၂၂)/၂၀၂၂ အရ ဦးခင်မောင်ဆင့် အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီး အဆိုပါမြေပေးမိန့် အတွင်းမှ မြေဧရိယာ (၀.၁၆၅)ဧကရှိ မြေအား (၁၉-၆-၂၀၂၆) ရက်တွင် ဦးခင်မောင်ဆင့် (ဘ) ဦးအောင်ဖေ (၅/ဝလန(နိုင်) ၀၇၇၈၁၀)မှ ဦးနန္ဒကျော်စွာ (ဘ) ဦးဗိုလ်စိန် (၉/မနမ(နိုင်)၁၀၅၄၉၇)သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးနန္ဒကျော်စွာအမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီးယနေ့မှစ၍ (၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်ရှိ အရှေ့လားသော်-မြေကွက်အမှတ်(၇၄)၊ အနောက်လားသော်- မြေကွက်အမှတ်(၇၂)၊ တောင်လားသော်- မြေကွက် အမှတ်(၈၆)၊ မြောက်လားသော်-လမ်း၊မြေကွက်၏ အလား(၄)ရပ်အတွင်း၌ရှိသော အကွက်အမှတ်(၂၇)၊ အကွက်အမည်(ပိန္နဲကုန်း)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၇၃)၊ ဧရိယာ (၀ဒသမ၀၆၄)ဧကရှိ မြေကွက်မှာ ဦးတင်မောင်မြင့် အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲအောင်က အထက်ဖော်ပြပါမြေကွက်အားဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကိုလည်း စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာကျော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၃၆၄/၂၀၂၁)**
**အမှတ်(၅၅၅)၊ ဓမ္မာရုံလမ်း၊ ကျောင်းကြီးစုရပ်၊တောင်ကြီးမြို့၊ဖုန်း- ၀၉-၄၄၄၂၆၃ ၀၆၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6645 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၇၃၁) ဟု ခေါ်တွင်သော အလျား(၄၀)ပေ၊ အနံ(၆၀)ပေရှိမြေကွက်နေအိမ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသော်ဇေယျ (၁၂/မရတ(နိုင်)၀၃၃၈၃၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထိုက်ဦး(၁၂/ဗတထ(နိုင်) ၀၁၅၉၃၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၀)**
**အမှတ် (၇/က)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၁၇၁၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၂)လမ်း၊ အမှတ်- (၇) နေ ဒေါ်မိုးမိုးသူ (၁၂/ဗတထ(နိုင်)၀၁၄၄၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ် (ဘီ-၃)၊ အခန်းအမှတ်(၇၂၃)၊ Type (G)၊ Area (3374)sqft ရှိ နေအိမ်တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးမိုးသူ၏ ခင်ပွန်းဖြစ်သူ ဦးသိန်းမြင့် (၁၂/ဗတထ(နိုင်)၀၁၆၆၈၀)က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးသိန်းမြင့်မှာ ကွယ်လွန်ပြီးဖြစ်၍ ဇနီးဖြစ်သူဒေါ်မိုးမိုးသူက အမွေဆက်ခံ ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၎င်းအမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ မည်သူမဆိုဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းနွယ်( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)**
**အမှတ်(၁၂၀၂)၊ ပင်းယ(၁)လမ်း၊ (၆)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော မလရိပ်ချို ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်အောင် ၈/သရန(နိုင်)၀၇၁၈၄၂ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်အောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(ခွဲ)ကျောက်ဆည် Grade-9 တွင် ပညာသင်ကြားနေသော မမေသူခိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၈/အလန(နိုင်)၁၂၄၈၇၃ ဖြစ်ပါကြောင်း။

**ဦးအေးနိုင်**

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့နယ် အ.ထ.က (ရှားတောကျောင်း) Grade.3 မှ မောင်သူရလင်း နှင့် Grade.7 မှ မောင်အောင်မြတ်သူ တို့၏ ဖခင်အမည်မှန်မှာ ဦးစိုး ဖြစ်ပါကြောင်း။

**ဦးစိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးမောင်ဘစံ၏သမီး၊ ကျောက်ဖြူမြို့နယ်၊ မင်းရပ်အုပ်စု၊ငအုပ်ကျေးရွာမှ ဒေါ်ရွှေရင် နှင့် ဒေါ်ရွှေရည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ရွှေရင်(ခ)ဒေါ်ရွှေရည်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကွင်းအမှတ်(၆၁၆-က)၊ မြေကွက်အမှတ်(၂၂၁)၊ မြေဧရိယာ၊ (၀.၀၃၁)ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်စန္ဒာအေး (၆/ဘပန(နိုင်)၀၀၀၃၁၇)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်သူများရှိပါက ဘုတ်ပြင်းမြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၄/ကုန်းရပ်လေသာ)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ (၀ဒသမ၁၁၂)ဧကရှိမြေအား မြို့မြေ အမှုတွဲအမှတ်၊ ၇၆/၁၉၉၀-၁၉၉၁ အရ ဦးမြင့်စွန်း၊ ဦးကျော်တင့်၊ ဦးကျော်လင်း တို့အမည်ဖြင့် (၃၀-၁၀-၁၉၈၉)မှ (၂၉-၁၀-၂၀၁၉)အထိ နှစ်(၃၀)ရရှိထားသောမြေကို ဦးကျော်တင့် အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc)၊ (၄) နှစ် သင်တန်းအတွက် (၁) ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေးအတတ်ပညာကို (Grade A) ဖြင့် အောင်မြင်သူများ၊ (၂) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS (1) ဖြင့် အောင်မြင်သူများ၊ (၃) General Certificate of Education Advanced Level (GCE 'A' Level) နှင့် International Baccalaureate (IB Diploma) အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၅၀%) နှင့် အမျိုးသမီးဦးရေ (၅၀%) လက်ခံမည်။ စုစုပေါင်း (၃၀၀) ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေး အတတ်ပညာကို (Grade A) ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့် ဦးရေ၏ (၇၀%) ကို လက်ခံမည်။

(ဂ) STEAMS (1) (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲကို စုစုပေါင်း ရမှတ် အနည်းဆုံး (၃၅၀) မှတ်ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့် ဦးရေ၏ (၂၇%) ကို လက်ခံမည်။

(ဃ) General Certificate of Education Advanced Level (GCE 'A' Level) နှင့် International Baccalaureate (IB Diploma) ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့် ဦးရေ၏ (၃%) ကို လက်ခံမည်။ GEC 'A' Level ကို သိပ္ပံဘာသာတွဲ အထူးပြု အောင်မြင်သူများအနေဖြင့် Biology (Grade A) နှင့် Chemistry (Grade A) နှင့် Physics (သို့မဟုတ်) Mathematics (Grade B) ရရှိသူများ ဖြစ်ရမည်။ IB Diploma အောင်မြင် ပြီးမြောက်သူများအနေဖြင့် Biology (HL)၊ Chemistry (HL) နှင့် Physics/ Mathematics (SL) ရရှိပြီး၊ ပျမ်းမျှ 34-36 points ရရှိသူများ ဖြစ်ရမည်။ ဝင်ခွင့်လျှောက်ထားသူသည် လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ စိစစ်ပေးပို့လာသော လျှောက်လွှာများကိုသာ လက်ခံဆောင်ရွက်မည်။ ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် မြန်မာစာ၊ မြန်မာ့ပထဝီဝင်၊ မြန်မာ့သမိုင်း ဘာသာရပ်များ တတ်မြောက်မှုအကဲဖြတ်စစ်ဆေးခြင်းကို အောင်မြင်ရမည်။

(င) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် လေ့ကျင့် လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး (က) အဆင့်ရှိသူ နှင့် စိတ်ပါဝင်စားသူ ဖြစ်ရမည်။

(စ) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း ၊ စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ အောင်မြင်သူများနှင့် STEAMS (1) ဘာသာတွဲ အောင်မြင်သူများအနေဖြင့် ပထမနှစ် ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A4-Size) ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်သည်။ www.yau.edu.mm/event တွင်လည်း ဝင်ခွင့်လျှောက်လွှာပုံစံကို ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းသက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ခ ) အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံချိန်တွင်မူရင်းတင်ပြရမည်)

(ဂ ) သက်ဆိုင်ရာကျောင်းသား နှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) လိုင်စင်ဓါတ်ပုံ(၃)ပုံ (ကျောင်းအပ်ချိန်တွင်ပေးအပ်ရန်)

(င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း) (သို့မဟုတ်) သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်(မူရင်း) တို့ကို (ကျောင်းအပ်ချိန်တွင်ပေးအပ်ရန်)

၆။ လျှောက်လွှာကို အမှတ်စဉ် (၅) ပါ အထောက်အထားများနှင့်အတူ (၁၅-၁၀-၂၀၂၆) ရက်၊ (ကြာသပတေးနေ့) နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) email လိပ်စာ student-affairs@yau.edu.mm သို့ Scan ဖတ်၍ ပေးပို့လျှောက်ထားနိုင်သည်။ အသေးစိတ် သိရှိလိုပါက အထက်ပါ email လိပ်စာ/ဖုန်း ၀၆၇-၃၄၁၆၅၁၂ နှင့် ၀၉၈၉၄၄၁၅၇၉၀ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

၇။ အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ၊ ရွေးချယ်ခြင်း မခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီ တက်ရောက်နိုင်ရေးလျှောက်ထားမှု ပြုလုပ်ထားရန် လိုအပ်ပါမည်။

၈။ နိုင်ငံတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့ကြေးရယူသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် (မဖြစ်မနေ) တာဝန်ထမ်းဆောင်ရမည်။

၉။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကို ကျောင်းဖွင့်ချိန်နှင့်အတူ အချိန်မီအသိပေးကြေညာသွားမည် ဖြစ်ပြီး www.yau.edu.mm/event တွင်လည်း အသိပေးသွားမည်ဖြစ်သည်။

**လျှောက်လွှာနမူနာပုံစံ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

**(၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေး အတတ်ပညာဖြင့် အောင်မြင်သူများနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

၁။ အမည် (မြန်မာ)........................(အင်္ဂလိပ်).........................
ကျား/မ..................
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်...................... လူမျိုး ..................
၃။ မွေးသက္ကရာဇ် (ရက်၊လ၊ခုနှစ်)........................ကိုးကွယ်သည့် ဘာသာ..............
၄။ ရရှိသည့်အမှတ်စုစုပေါင်း(ဇီဝဘာသာတွဲ/စိုက်ပျိုးရေး) ...........................
၅။ ရရှိသည့် Grade (စိုက်ပျိုးရေး)..................................................
၆။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်....................ခုနှစ်................. စာစစ်ဌာန...................
၇။ အမြဲနေထိုင်သောလိပ်စာ(အပြည့်အစုံ)......................................
၈။ ဆက်သွယ်ရန် email/ ဖုန်းနံပါတ်.............................................
၉။ ဖခင်အမည် (မြန်မာ)........................(အင်္ဂလိပ်)......................
နိုင်ငံသားစိစစ်ရေးကတ်အမှတ်............................................
ဆက်သွယ်ရန်လိပ်စာ၊ဖုန်းနံပါတ်............................................
မိခင်အမည်....................နိုင်ငံသားစိစစ်ရေးကတ်အမှတ်...................
ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်............................................
၁၀။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။

.................................. ..................................
မိဘ/အုပ်ထိန်းသူလက်မှတ် ဝင်ခွင့်လျှောက်ထားသူလက်မှတ်

ရက်စွဲ။................................

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ် ၊ အ-ထ-က (မှန်ကုန်း) Grade-12 တွင်ပညာသင်ကြားနေသော မထက်ယုဝေ ၏ ဖခင်အမည်မှန်မှာ ဦးတိုး ၁၄/အဂပ(နိုင်) ၂၄၂၂၈၁ ဖြစ်ပါကြောင်း။

**ဦးတိုး**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အ-ထ-က (မှန်ကုန်း) Grade-12 တွင် ပညာသင်ကြားနေသော မတင်ဇာကျော်၏ ဖခင်အမည်မှန်မှာ ဦးဂျင်မောင်မောင် ၁၄/အဂပ(နိုင်)၂၉၈၂၈၈ ဖြစ်ပါကြောင်း။

**ဦးဂျင်မောင်မောင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ် ၊ အ-ထ-က (မှန်ကုန်း) Grade-12 တွင် ပညာသင်ကြားနေသော မောင်စွမ်းပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ကို ၁၄/အဂပ(နိုင်) ၂၁၉၁၉၂ ဖြစ်ပါကြောင်း။

**ဦးမောင်ကို**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ဇင်ဇင်နွယ်(၁၂/တမန(ဧည့်)၀၀၀၄၂၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဇင်နွယ်သည် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကို တော်ဝင်သုခအမည်ဖြင့် အမည်ပျက်မရှိ လုပ်ငန်းလုပ်ကိုင် နေသူဖြစ်ပါသည်။ သို့သော် လုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း၌ ဆက်သွယ်ရေးလူမှုကွန်ရက်များဖြစ်သောဖုန်းမှတစ်ဆင့် စွပ်စွဲပြောဆိုဆဲရေးခြင်း၊ (Facebook, Tiktok) တို့တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဇင်နွယ်အပေါ် နစ်နာစေရန်ရည်ရွယ်၍ မမှန်မကန်ဂုဏ်သိက္ခာကျဆင်းစေရန် အချို့သော မသမာသူများက post တင်ကာ comment များဝင်ရောက် ရေးသားခြင်းများ ပြုလုပ်ဆောင်ရွက်နေကြောင်း တွေ့မြင်ကြားသိနေရပါသည်။ ထိုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းများကို ဤကြေညာပါသည့်ရက်မှစ၍ လုံးဝ(လုံးဝ) မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဆက်လက်ပြုလုပ်ဆောင်ရွက်နေပါက ထိုသို့ပြုလုပ်ဆောင်ရွက်သူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဇင်နွယ်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလင်းဘုန်းမြတ်(LL.B),(D.IP.L),(D.M.L)** **ဦးဇင်မင်းထက် ( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၈၁)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၆၈)**
**အမှတ်(၃၈၈/၃၉၈)၊(၄)လွှာ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်။ ဖုန်း-၀၉-၄၂၄၆၀၈၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ ပုလဲလမ်း၊ မြေကွက်အမှတ်(၃၂၀/က)ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်အဆောက် အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးဝင်းသိန်း(ခ)မျိုးနိုင် (၁၂/ပဇတ(နိုင်)၀၂၅၇၀၁) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သူဇာဝင်း (၁၂/ဥကတ(နိုင်)၁၆၆၉၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးနိုင် (၇/လပတ(နိုင်)၁၁၇၀၀၆)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းသူရဇော် (LL.B)** **ဒေါ်ယမင်းထွေး (LL.B)** **ဦးရဲသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**
**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့် မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးလှသိန်းပါ(၂)ဦး | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၁/၂-ဒဒ | ၀.၀၆၃ | အသစ် |
| ၂ | ဦးအောင်ကျော်ဇော | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၁/၂-ဋဋ | ၀.၀၉၀ | အသစ် |
| ၃ | ဒေါ်စန်းစန်းအေး | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၁/၂-သသ | ၀.၀၆၀ | အသစ် |
| ၄ | ဒေါ်နှင်းနှင်းနုနုတင် | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၁/၂-ဒ | ၀.၀၆၂ | အသစ် |
| ၅ | ဦးတင်လင်းအောင် | ပုသိမ် | အမှတ်(၅) | ၇၁/ဈေးချောင်းတောင် | ၂/၃-ဃ၂/၈-စ၁၁၆ | ၀.၀၉၆ | အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ် (B-၄၇/က) ဟုခေါ်တွင်သော မြို့မတောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/မြို့မတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (B-၄၇/က) အား ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၆ $\frac{၅}{၉၉}$ ရက်စွဲပါ စာအမှတ် ၆၁၃/၂/၃-၃/ခယက(ရကတ) ဖြင့် ဦးကျော်ဆွေသို့ ချထားပေးသော လ/န-၃၉ ရပြီး မြို့မြေဧရိယာ $\frac{၀.၀၂၅}{၀.၁၀၆}$ ကေအကျယ်ရှိ မြေကွက်နှင့် ၎င်းမြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် (ရေ + လျှပ်စစ်မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ် စာချုပ်များဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နုနုဟန် (၁၄/ဟသတ(နိုင်) ၁၁၈၃၉၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဝင်း (၁၂/ပဘတ(နိုင်) ၀၁၀၄၆၇) က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်ပြီး ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဆန်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၆၀၈/ ၃၁.၁၀.၂၀၂၃)**
**အမှတ် (၉/၁၁)၊ အခန်း(၁၀၁ - E)၊ ပထမထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၄၉၃၅၃၂၊ ၀၉-၆၆၂၉၃၂၀၄၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄) လမ်း၊ အမှတ် (၂၆၃၈)ဟု ခေါ်တွင်သော (၂၇.၆ ပေ x ပေ ၇၀ ) ကျယ်ဝန်းသည့် ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အုတ်ညှပ်နှစ်ထပ် လူနေအိမ်တစ်လုံး၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်လှလှငွေး (ဘ) ဦးစိုးမြင့် ၇/ပခန(နိုင်)၁၀၄၆၆၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိဖြူဝင်းမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၅၆/၂၀၁၃)**
**အမှတ်(၁၂၆)၊ စမ်းကြီးတောရလမ်း၊ ရပ်ကွက်ကြီး(၅)၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့၊**
**ဖုန်း- ၀၉-၄၂၈၁၉၂၉၉၇**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အိမ်အမှတ် (၂၅/က) ဟုခေါ်တွင်သော မြေရှင် ဦးကျော်သန်း(ခ)တန်ချိန်လှိုင် ပိုင်ဆိုင်သောမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ(၄) ထပ်တိုက်၊ အကျယ်အဝန်း ပေ(၁၄ X၄၀) ရှိ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ် (ခြေရင်းခြမ်း)ရှိ တိုက်ခန်း (၃) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေငွေဝင်း (ကန်ထရိုက်တာ) (၁၂/အစန(နိုင်)၂၈၀၁၈၆) ထံမှ (၁၉-၇-၂၀၂၆)ရက်စွဲပါ စာချုပ်အရ အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း (၃) ခန်းမှာကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ဆုပိုပို ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သည့် တိုက်ခန်းများဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ဆုပိုပို(၁၂/အစန(နိုင်)၂၁၆၆၂၉)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရီလေးမော် (LLB)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၀၇)၊**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊**
**ဖုန်း -၀၉- ၄၂၀၀၈၉၃၈၀**

## အမည်ပြောင်း

မိုးကောင်းမြို့၊ အ.ထ.က(၁) ကျောင်းဝင်အမှတ် ၀၆၅၅/၂၂ ဦးသူရကျော်၏သား Grade-11 မှ မောင်သူရထွဋ်ခေါင်အား မောင်သူရလွင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သူရလွင်**

## မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဦးခွန်နိုင်၏သမီး မအေးမြနိုင် ၁/မကတ(နိုင်) ၁၅၆၃၅၄ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၇-၉-၂၀၀၆ ဖြစ်ပါကြောင်း။

**မအေးမြနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့နယ်၊ အခြေခံပညာ အလယ်တန်း (သဘော်ဦး)ကျောင်း ၊ Grade-4 (အောင်မြင်)မှ မောင်ဖြိုးကိုကို၏ ဖခင် ဦးဇင်ဗိုလ် (ခ) ဦးဇင်ဘို ၁၀ /ရမန(နိုင်)၁၉၅၅၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇင်ဗိုလ်(ခ)ဦးဇင်ဘို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/48355, Kenbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆင့် ၈/မမန(နိုင်) ၁၄၈၄၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

